ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ စနေနေ့၊ (13-8-2005) (၄၆၈၆)

ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက အားထည့် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိ

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းရေး နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေ

ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်သူ့လုံခြုံရေးကို ထိပါးလာ ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ် တွန်းလှန်တိုက်ဖျက်

ပြည်သူက အပြင်းအထန်ရှုတ်ချ

☆ ပြည်ပမှ ဆရာကြီးများက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး အကြောင်းပြပြီး ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်၊ နိုင်ငံတော် ပြိုကွဲပျက်စီးစေရေး စီးပွားရေးပိတ်ဆို့မှု အစီအမံမျိုးစုံကို တစ်ခုပြီးတစ်ခု လုပ်နေ၊

☆ ပြည်တွင်းမှ မျိုးဖျက်သစ္စာဖောက်များက ပြည်သူတွေ အထိတ်တလန့် ဖြစ်အောင်၊ နိုင်ငံတကာတွင် သိက္ခာကျရအောင် ရာဇဝတ်မှုများ လက်ရဲဇက်ရဲ ကျူးလွန်သည်များကိုပြည်သူအများက အပြင်းအထန် ရှုတ်ချလျက်ရှိ။

ရန်ကုန် ဩဂုတ် ၁၂

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးကြော်သံများကို တစ်ခဲနက်ကြေးကြော်

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၃-၈-၂၀၀၅
(စနေနေ့)

အမွေခံမျိုးဆက်ကောင်းများ ပြုစုပျိုးထောင် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်း

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ပြည်သူတို့၏ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်တည်ဆောက်နေသည်။ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့ကို ဦးစားပေးဖော်ဆောင်လျက်ရှိသည်။

နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်ပြည့်ဝဝဖြစ်ထွန်းရရှိသည်အထိ ပြည်တွင်း စွမ်းအားစုများဖြင့် နေ့မအား ညမနားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်း အကြားအလပ် မရှိ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်လုပ်ကိုင်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်များအား အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားတိုးတက်လာရေးအတွက် သင်တန်းများဖွင့်လှစ်၍ စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၉)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **နိုင်ငံ့သားကောင်းအရည်အသွေးနှင့် အမျိုးသားရေးစွမ်းရည်မြင့်မားရေးအတွက် ယုံကြည်ချက်ခံယူချက် မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ဖွံ့ဖြိုးရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး လေ့ကျင့်ပျိုးထောင်ပေးပြီး ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး တိုးတက်ရေးအတွက် အတတ်ပညာ၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများ ဆွေးနွေးပို့ချ ပျိုးထောင်ပေးခဲ့ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းပင်ဖြစ်ကြောင်း** ထည့်သွင်း ပြောကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လူငယ်များအား ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးနှင့် အသိပညာ၊ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် ခေတ်မီနည်းပညာရပ်များကို သင်ကြားလေ့ကျင့် ပျိုးထောင်ပေးလျက်ရှိရာတွင် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းသည် တစ်ခု အပါအဝင် ဖြစ်သည်။

အဆိုပါ သင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုး တိုးတက်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပြည့်ပြည့်စုံစုံ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

မြန်မာ့ပြည်တွင်းရေး၏ ပကတိအရှိတရားများနှင့် နိုင်ငံတကာဆက်ဆံရေးများကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးနှင့် ဆက်စပ်လေ့လာနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးလိုသည့် ပြည်ပနိုင်ငံကြီးအချို့၏ သဘောသရုပ်မှန်ကိုလည်း ပကတိအခြေအနေအတိုင်း လေ့လာသိမြင်နိုင်ကြမည် ဖြစ်သည်။

ယနေ့ကာလတွင် ပြည်ပနိုင်ငံအချို့နှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမား အချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အခြားအကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖိအားပေး အကျပ်ကိုင်လုပ်ဆောင်လျက်ရှိသည်။ ယင်းတို့သည် မြန်မာနိုင်ငံ၏ လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရေးရပ်တည်ချက်ကို ထိပါးစေသော ပြည်ပစွက်ဖက်နှောင့်ယှက်မှုများပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အမျိုးသားရေးတာဝန်ထမ်းဆောင်ကြမည့် အမွေခံမျိုးဆက်ကောင်း မျိုးဆက်သစ်လူငယ်များကို အဘက်ဘက်က ပြုစုပျိုးထောင်၍ အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးလျက်ရှိချိန်တွင် နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် ထိပါးနှောင့်ယှက်လာသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့တောင်အာရှဒေသအတွင်း အဆောက်အအုံကြီးများ၌ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေး လုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ASEAN Centre for Energy)**နှင့် ဂျပန်နိုင်ငံ စွမ်းအင် ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာန** (Energy Conservation Centre, Japan)**တို့ ပူးပေါင်းကျင်းပသည့် အရှေ့တောင်အာရှဒေသအတွင်းအဆောက်အအုံကြီးများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာနှင့်ပညာရှင်၊ ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာနမှ ပညာရှင်များ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များ၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဗိသုကာများအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးက အဖွင့်အမှာစကား ပြောကြားပြီး ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာနမှ အစီအစဉ် ဦးဆောင်သူ Mr. Yoshitaka Ushio နှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ Dr. Weerawat Chantanakome တို့က အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေး ဗဟိုဌာနမှ ပညာရှင်များ၊ မလေးရှား၊အင်ဒိုနီးရှား၊ စင်ကာပူ၊ဖိလစ်ပိုင်နိုင်ငံတို့မှ အဆောက်အအုံပိုင်ရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်ကိုယ်စားလှယ်များက စာတမ်းများဖတ်ကြား တင်ပြဆွေးနွေးကြပြီး အရှေ့တောင်အာရှဒေသအတွင်း အဆောက်အအုံကြီးများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)



ဝါခေါင်စမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၂

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဆရာတော်အရှင်အာစာရ လက်ာရသည် ဩဂုတ် ၁၂ ရက်နံနက်တွင် ရွှေဘိုဒီဂရီကောလိပ်၊ မွန်းလွဲ ၁နာရီတွင် ဆုတောင်းပြည့်ဘုရား၊ ညနေ ၃ နာရီတွင် မြို့ထောင့်စေတီ၊ ည၈နာရီတွင်မော်ဒေါမြင်သာဘုရားပွဲ၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စေတီတော်ရိပ်သာ၊ ၁၅ ရက် ညတွင် ကူမဲမြို့ မလွန်ဆန်လှူပွဲ၊ ၁၉ ရက် မွန်းလွဲပိုင်းနှင့်ညတွင် ရွှေဘို ရွှေတန်ဆာဘုရား၊ ၂၇ ရက် မွန်းလွဲပိုင်းတွင် စေတီတော်ရိပ်သာ၊ ည ၈ နာရီတွင် ရွှေတန်ဆာဘုရား၊ ၂၉ ရက် ညတွင် စစ်ကိုင်းဆင်မြေရွာမိုးကြိုးကျောင်းတိုက်ဆရာတော်ကြီးမွေးနေ့ပွဲ၊ စက်တင်ဘာ ၁ ရက်ညတွင် ရွှေဘိုပွင့်လန်းဓမ္မာရုံ၊ စက်တင်ဘာ ၂ ရက် ညနေတွင် ပွင့်လန်းဓမ္မာရုံ၊ ည ၈ နာရီတွင် ရွှေတန်ဆာဘုရားတို့၌ တရားတော်များဟောကြားမည်ဖြစ်ပြီး ဖုန်း-၀၇၂ ၂၁၇၀ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၉)လမ်းနေ ကွယ်လွန်သူ ဖခင် ဦးကျော်ဝင်း-မိခင် ဒေါ်ကျင်တို့အား ရည်စူး၍ ဦးသန်းရွှေ၊ ဒေါ်လှကြည်နှင့် မောင်နှမများက ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ် ရှစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၅ခုနှစ် နှစ်ပတ်စုံညီအစည်းအဝေး ဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်ပတ် စုံညီအစည်းအဝေးတွင် ဆွေးနွေးဟောပြောပွဲအဖြစ် "Symposium on Iodine Deficiency Disorders- Science, Control & Sustenance" အကြောင်း ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၈နာရီမှ စ၍စာရင်းပေးသွင်း မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အရှေ့တောင်အာရှ ဒေသအတွင်း အဆောက်အအုံကြီးများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားအပြီးတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးနှင့် တက်ရောက်သူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (စွမ်းအင်)

ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၅ ခုနှစ်ဆင္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်း အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးဗိုလ်ဗန်း၌ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းမှ စိုင်းဇာနီချစ်က ရရှိသွားသည်။ (သတင်းစဉ်)

မြန်မာ့ဂီတသမိုင်း ထွန်းပြောင်ခဲ့သည်ကို ဆက်လက်ထိန်းသိမ်းကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆက်လက်ကြိုးပမ်းလုပ်ကိုင်ယဉ်ကျေးမှုမပျောက်ပျက်ရန် ဂီတလောကသားများတွင်တာဝန်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဝင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပြောကြားသည့် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သီချင်း၊ဂီတစိစစ်ရေးအဖွဲ့မှ ဂီတပညာရှင်ကြီးများ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံးဝင်များနှင့် ဂီတလောကသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များ၊ ဂီတလောကသားများအနေဖြင့် ယခုကဲ့သို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် တက်ရောက်လာကြသည်ကို တွေ့ရ၍ ကျေနပ်အားရ ဝမ်းသာမိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ဂီတလောကသားများ၏အကျိုး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးစရာများရှိကြောင်း၊ ဂီတလောကဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ရုပ်ရှင်နှင့် ဂီတလောကသားများ၏ စည်းလုံးညီညွတ်မှုနှင့် ဦးဆောင်မည့် ဂီတအစည်းအရုံးတို့ သုံးဦးသုံးဖလှယ် ညီညွတ်မျှတရန်လိုအပ်ကြောင်း။

မိမိအနေဖြင့် ယခုဆွေးနွေးပွဲတွင် အဓိကအချက်နှစ်ချက်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပထမအချက်မှာ ဂီတလောကနှင့် ဂီတလောကသားများ ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်ဖြစ်ပြီး ဒုတိယအချက်မှာ ပိုမိုပြီးစည်းလုံးညီညွတ်အင်အားတောင့်တင်းခိုင်မာသည့် မြန်မာနိုင်ငံဂီတအစည်းအရုံးပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးရန်တို့ဖြစ်ကြောင်း။

ပထမအချက်ဖြစ်သည့် ဂီတလောကနှင့် ဂီတလောကသားများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်မှာ ရေရှည်လုပ်ငန်းဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့်စုပေါင်းအားဖြင့် လုပ်ဆောင်မှုရမည်ဖြစ်ကြောင်း။

ဂီတစွမ်းအားသည် လွန်စွာမှကြီးမားပြီး ဂီတစွမ်းအား ပြည်ထွန်းကားဟူသည့် ဆောင်ပုဒ်စကားလည်းရှိခဲ့ပါကြောင်း၊ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ပြီး ထိပ်တန်းရောက်ရန်မှာ ဂီတသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ကြောင်း။

မြန်မာ့ဂီတ၏သမိုင်း ထွန်းပြောင်ခဲ့သည်ကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ မိမိတို့ဘိုးဘွား ဘီဘင်ကစတင်ခဲ့သည့် ဂီတသမိုင်းကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆက်လက်ပြီး ကြိုးပမ်းလုပ်ကိုင်ရမည်ဖြစ်ကြောင်း။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယခုအခါ ဂီတလောက မပျောက်ပျက်အောင်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းအောင် မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုတက္ကသိုလ်များဖွင့်လှစ်ပြီး လုပ်ဆောင်ပေးနေသည်ကို အားလုံးသိရှိကြသည့်နည်းတူ နှစ်စဉ်နိုင်ငံတော်က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများကိုလည်း ကျင်းပပေးနေကြောင်း။

ဂီတဗိမာန်

နိုင်ငံတော်က ၁၉၉၂ခုနှစ်ကစတင်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို ဖွဲ့စည်းပြီး ဦးဆောင်ဦးရွက်ပြုနိုင်အောင်ဖွဲ့စည်းပေးခဲ့ကာ ဂီတဗိမာန်ပေါ်ပေါက်ရေးအတွက်ပါ ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအချိန်တွင် ဂီတလောကသည် ခေတ်ရေစီးကြောင်းအရ အနောက်တိုင်းယဉ်ကျေးမှု၏လွှမ်းမိုးမှုကို ခံနေရသည်ဟုဆိုချင်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မပျောက်ပျက်ရန်မှာ ဂီတလောကသားများတွင် တာဝန်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မပျောက်ပျက်ရန် ထိန်းသိမ်းရသကဲ့သို့ ဆန်းသစ်တီထွင်မှုရှိရန်လည်း လိုအပ်ကြောင်း။

ပြန်လည်ဖွဲ့စည်းရေး

ဒုတိယအချက်ဖြစ်သည့် ပိုမိုပြီး စည်းလုံးညီညွတ် အင်အားတောင့်တင်းခိုင်မာသည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံ ဂီတအစည်းအရုံးသည်လည်း ၎င်း၏ အတိုင်းအတာဖြင့် ခိုင်မာမှုရခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့်အမျိုးသားရေးကို ဖြည့်စွမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ပြန်လည် ဖွဲ့စည်းရန် အချိန်သင့်ပြီဖြစ်၍ ပြန်လည် ဖွဲ့စည်းနိုင်ရန် ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်က အနာဂတ်အတွက် ကျစ်လျစ်ခိုင်မာသည့် ဂီတအစည်းအရုံး ပေါ်ထွန်းရေး ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ အခြေခံအလွှာငါးလွှာတို့မှ ကိုယ်စားလှယ်များဖြစ်ကြသည့် မဟာဂီတအလွှာမှ ကိုယ်စားလှယ်စန္ဒရား ဦးမောင်မောင်တုတ်၊ ကာလပေါ်အလွှာမှ ကိုယ်စားလှယ်ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ ခေတ်ပေါ်စတီရီယိုအလွှာမှ ကိုယ်စားလှယ် ဦးလေးဖြူ၊ စက်မှုအလွှာမှ ကိုယ်စားလှယ် ဦးကြည်မင်းသိန်း၊ ထုတ်လုပ်ဖြန့်ချိအလွှာမှ ကိုယ်စားလှယ် ဦးဇော်ထူးအောင်နှင့်တက်ရောက်လာကြသော ဂီတအနုပညာရှင်များက မြန်မာနိုင်ငံဂီတအစည်းအရုံး အသစ် ပြန်လည်ဖွဲ့စည်းရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလွှာအသီးသီး၏ တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ တရားစခန်း ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးကျေးရွာ လယ်တီဝံသ တောရကျောင်းတွင် ဝိပဿနာခုနစ်ရက် တရားစခန်းပွဲများကို ဩဂုတ် ၁၃ ရက် မှ ၁၉ ရက်ထိ တစ်ကြိမ်၊ စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်ထိနှင့် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်ထိ တစ်ကြိမ် တရားစခန်းပွဲများကို မဟာလယ်တီဆရာတော်ကြီး ဝိဇာတကုန်းမြေ မဟာလယ်တီ ဗိမာန်တော်ကြီး အတွင်း၌ ကျင်းပမည်ဖြစ်သဖြင့် တရားစခန်းတွင် ဆက်သွယ်ဝင်ရောက် တရားအားထုတ်နိုင်ကြောင်း နိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးပစ္စည်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာနရှိ မီးလောင်ဒဏ်ရာကုဌာန၌ အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၅၂၈ တန်ဖိုးရှိ BMP 30 ECG SPO2 - NIBP Patient Monitor(1)No ကို အလှူရှင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာဒေါက်တာ ဦးအောင်လွင်နှင့်ဇနီး ဒေါ်သက်စန္ဒာ မိသားစုက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာနှင့် ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ အလှူရှင်ဒေါက်တာ ဦးအောင်လွင်၊ ဇနီး ဒေါ်သက်စန္ဒာနှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီးဒေါက်တာ နုနုသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဒေါက်တာ ဦးအောင်လွင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့် ပစ္စည်းကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် မျက်နှာ၊ မေးရိုး၊ ခံတွင်း ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာနမှ ပါမောက္ခ ဒေါက်တာဦးခင်မောင်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကမ္ဘာ့အမြင်၊ ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ဗွီစီဒီမိတ်ဆက်(ခင်မောင်တိုး) (အကြိုက်ဆုံးမန္တလေးသီချင်းများ)
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	UEFA Stories Best Goals
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ
၁၀း၃၅	သီးနှံများကိုမှတ်ပုံတင်ခြင်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၃၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Cartoons(Live)
၆း၁၀	Everton-Man United	5-Cartoons(Live)
၈း၁၅	ပွဲကြိုသုံးသပ်ချက်(၂)	5-Cartoons(Live)
၈း၃၀	Aston Villa-Bolton	
	West Ham-Blackburn	5-Cartoons(Live)
၁၀း၃၀	Man City-West Brom	5-Movies (Live)
၁၀း၃၀	ပွဲကြိုသုံးသပ်ချက်(၃)	5-Cartoons(Live)
၁၀း၄၅	Mid:brough-Liverpool	5-Cartoons(Live)
၁း၀၀	Final Score	5-Cartoons(Live)

ကင်ဆာရောဂါမဖြစ်ပွားအောင် ကြက်သွန်ဖြူက ကာကွယ်နိုင် တရုတ်ကျွမ်းကျင်သူများ အထောက်အထားသစ် ရှာဖွေတွေ့ရှိ

ပေကျင်း ဩဂုတ် ၁၀

တရုတ်ကျွမ်းကျင်သူ ပညာရှင်များက အစာအိမ်ကင်ဆာလေ့လာရာမှ ကြက်သွန်ဖြူသည် ကင်ဆာရောဂါမဖြစ်ပွားစေရန် တားဆီးကာကွယ်နိုင်သည့် အထောက်အထားသစ်များ မကြာမီက တွေ့ရှိထားကြောင်း သိပ္ပံနှင့်နည်းပညာနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

ကြက်သွန်ဖြူသည် အစာအိမ်ကင်ဆာဖြစ်ပွားစေသည့် ကလာပ်စည်းပွားများမှုကို ထိန်းချုပ်ပေးနိုင်ပြီး ကင်ဆာကလာပ်စည်းများ သေစေနိုင်သည်ကို တရုတ်ကျွမ်းကျင်သူများက ရှာဖွေတွေ့ရှိထားသည်ဟု ယင်းသတင်းတွင်ပါရှိသည်။

ပူးတွဲပြုလုပ်

သုတေသနလုပ်ငန်းကို တရုတ်အကယ်ဒမီသိပ္ပံ ကရိုမိုဆုမ်းသုတေသနဌာနမှ ကျွမ်းကျင်သူများနှင့် ပေကျင်းတက္ကသိုလ် အကျိတ်ကုသမှုဌာနမှ ကျွမ်းကျင်သူများ ပူးတွဲ၍ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အစာအိမ်ကင်ဆာသည်ကလာပ်စည်းအခြေခံဖွဲ့စည်းမှု၊ ခန္ဓာကိုယ်တွင်းဓာတ်များ ပေါင်းစည်းဖွဲ့စည်းမှု၊ စွမ်းအားနှင့် ကလာပ်စည်းပွားများမှု ထိန်းချုပ်မှုများကြောင့် ဖြစ်ပွားရသည်ကို သုတေသီများတွေ့ရှိခဲ့သည်။

မြင့်မားလာ

တရုတ်ပြည်တွင် ကင်ဆာရောဂါဖြင့် သေဆုံးသူများမှာ အများဆုံးဖြစ်ခဲ့သည်။ ယင်းဖြစ်ပွားမှုအား ထိန်းချုပ်နိုင်ခြင်း မရှိပါကကင်ဆာရောဂါကြောင့် သေဆုံးသူ ဦးရေသည် နှစ်၂၀ အတွင်း နှစ်ဆအထိ မြင့်မားလာနိုင်သည်ဟု တရုတ် ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်ဇနီးမောင်နှံ အသက်အရှည်ဆုံးဖြစ်ကြောင်း ကြေညာရန် စီစဉ်နေ

တိုကျို ဩဂုတ် ၁၁

ကမ္ဘာတွင် အသက်ရှည်ဆုံးအဘွဲ့ကို အမေရိကန်နိုင်ငံမှ စုံတွဲအား အပ်နှင်းခဲ့သည့် သတင်းကြားခဲ့ရပြီးနောက် အသက် ၁၀၄ နှစ်ရှိ အဘိုးအိုနှင့် အသက် ၁၀၃ နှစ်ရှိ ဂျပန်အဘွားတို့ ဇနီးမောင်နှံက ကမ္ဘာ့အသက်အရှည်ဆုံးဘွဲ့ရရှိရန်အတွက် ကြေညာရန် စီစဉ်လျက်ရှိသည်။

ယူအီချီနှင့် ကာဇိုနိုဂိုမီတို့သည် အသက် ၇၀ကျော်မှ လက်ထပ်ခဲ့ကြသူများဖြစ်ပြီး ရှေးဟောင်းနှောင်းဖြစ်များ မေ့လျော့မှု အခက်အခဲရှိနေသည်ဟု ရုပ်မြင်သံကြားဌာနက ၎င်းတို့အား တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

သို့ရာတွင် ၎င်းတို့၏ မိသားစုများက ၎င်းတို့၏ နှစ်ယောက်ပေါင်း အသက်ဖြစ်သည့် ၂၀၇ နှစ်သည် ကမ္ဘာ့စံချိန်ချိုးနိုင်သည်ဟု ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ မြို့တော် ပေကျင်းရှိ အထည်အလိပ်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘေဂျီမြို့ ရေနံစက်ရုံအနီးတွင် တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

တီကရစ်(အီရတ်) ဩဂုတ် ၁၁

အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံအနီး အမေရိကန်စစ်ဘက်လှည့်ကင်း ညဘက်တွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ခြောက်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ကဗုဒ္ဓဟူးနေ့ကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဝိုင်းရံပတ်ထား

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်ဟမ်းဗီး ကင်းလှည့်ယာဉ်နှင့် သံချပ်ကာယာဉ်များ မီးလောင်ပျက်စီးသွားကြောင်း၊ ယင်းဖြစ်ရပ်အပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ပျက်သွားသော မော်တော်ယာဉ်များအား ဝိုင်းရံပတ်ထားကြသည်ဟု ဘေဂျီမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ အင်္ဂါနေ့ည ၁၁ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် စစ်ဘက်က ပြောကြားသည်။ မည်သည့်လက်နက်များ အသုံးပြုတိုက်ခိုက်သည်ဟု အသေးစိတ်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် အမေရိကန် လှည့်ကင်းများအား မကြာမီ ရက်သတ္တပတ်များအတွင်း လမ်းဘေးဗုံးထောင်ကာ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် သံချပ်ကာယာဉ်များ ပျက်စီးကာ လူအများအပြား သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမေရိကန်မရိန်းတပ်ဖွဲ့၏သံချပ်ကာယာဉ်တစ်စီး ဘဂ္ဂဒက်အနောက်ပိုင်းဒေသ ဟာဒီသာမြို့အနီး မြေမြှုပ်မိုင်းနင်းမိရာ လွန်ခဲ့သည့် ရက်သတ္တပတ်က မရိန်းတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးခဲ့သည်။ အီရတ်စစ်ပွဲတွင် ယင်းကဲ့သို့သော ဖြစ်ရပ်သည် သေဆုံးမှုအများဆုံးဖြစ်ရပ်တစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်ရဲဌာနတွင် ဗုံးဖောက်ခွဲ၊ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၁

ကားဗုံးဖောက်ခွဲရေး သမားက ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိ ဂါဇာလီယာခရိုင်တွင် ရဲလှည့်ကင်းအား ဗုဒ္ဓဟူးနေ့က မော်တော်ယာဉ်ဖြင့် ဝင်တိုက်ကာ ဗုံးဖောက်ခွဲခဲ့သဖြင့် လူခြောက်ဦး သေဆုံးပြီး လူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲနှင့်ပြည်ထဲရေး ဝန်ကြီးဌာနသတင်းရပ်ကွက်များက ပြောကြားသည်။

သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူနှစ်ဦးတို့သည် ရဲတပ်ဖွဲ့ဝင်များဖြစ်ကြပြီး အခြားသေဆုံးသူများမှာ အရပ်သားများ ဖြစ်ကြကြောင်း ယင်းသတင်းရပ်ကွက်များက ထပ်လောင်းပြောကြားသည်။

ပစ်သတ်

အင်္ဂါနေ့ကလည်းပြောက်ကျားများက ဘဂ္ဂဒက်မြို့တော်တစ်ဝန်း တိုက်ခိုက်မှုငါးနေရာပြုလုပ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်၁၀ဦးအား ပစ်သတ်ခဲ့သည်။

မျှော်လင့်

ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုဖြစ်စတင်ခဲ့သည့် နိုင်ငံရေးလုပ်ငန်းစဉ်အတွင်း ပြည်ပတိုက်ခိုက်ရေးသမားများနှင့် ဆက်ဒမ်ဟူစိန်၏ သစ္စာခံများ ပူးပေါင်းထားသောတွန်းလှန်တိုက်ခိုက်မှုကို လျော့ပါးသက်သာစေမည်ဟု အမေရိကန်ထောက်ခံအားပေးသည့် အီရတ်အစိုးရကမျှော်လင့်လျက်ရှိသော်လည်း ယင်းတိုက်ခိုက်မှု အားနည်းသော လက္ခဏာမရှိသေးကြောင်းပြသလျက်ရှိသည်။ *အမ်အင်အေ၊ရိုက်တာ။*



မွမ်ဘိုင်းတွင် ရေကြီးပြီး နောက်ဆက်တွဲရောဂါကျရောက် ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကြောင့် ၆၆ဦး သေဆုံး

မွမ်ဘိုင်း ဩဂုတ် ၁၂

အိန္ဒိယနိုင်ငံ အနောက်ပိုင်းမွမ်ဘိုင်းမြို့ဒေသတွင် ရေကြီးရေလျှံမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် မသန့်ရှင်းသောရေကြောင့်ဖြစ်ပွားသော လက်ပတိုစပီရိုးစစ်ခေါ် အဖျားကြီးသည့် ရောဂါတစ်မျိုးဖြစ်ပွားသည်ဟု ယူဆရပြီး လူပေါင်း ၆၆ဦး သေဆုံးကာ ၃၀၀၀ခန့် နာမကျန်းဖြစ်နေကြောင်း သတင်းများ ထွက်ပေါ်လာသည်။

အရပ်အခေါ်အားဖြင့်ထိုအဖျားရောဂါကို ကြွက်များမှတစ်ဆင့် ကူးစက်လာခြင်းဖြစ်၍ ကြွက်ဖျားရောဂါဟူ၍ သုံးနှုန်းကြသည်။ ထိုရောဂါဖြစ်ပွားမှု အခြေအနေမှာ ကူးစက်ရောဂါအသွင် ပျံ့နှံ့လာသည့် အခြေအနေရှိသောကြောင့် မွမ်ဘိုင်းမြို့နှင့် နီးစပ်ရာ ကာလ်ယန်–ဒွမ်ဘီဗာလီ စည်ပင်သာယာဒေသကိုပါ ကြွက်ဖျားရောဂါ ကျရောက်နေသော ဒေသအဖြစ် သတ်မှတ်ထားကြောင်း မဟာရပ်ျှသရာပြည်နယ် ကျန်းမာရေးဝန်ကြီး ဗာမာလ်တာမွန်ဒါဒါက ဩဂုတ် ၁၀ရက်တွင် ပြောကြားသည်။

အခြေအနေမှာ ထိန်းချုပ်ထားနိုင်သော အနေအထားတွင် ရှိသည့်အတွက် စိုးရိမ်ထိတ်လန့်စရာ မရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဗီလာပ်စ်ရောင်ဒက်စ်မက်စ်က ဆိုသည်။ မွမ်ဘိုင်းဒေသတွင် လူ ၁၀၀၀ခန့်နှင့် ဝန်းကျင်ဒေသများမှ လူ ၂၀၀၀မျှတို့ကို ဆေးရုံသို့တင်ခဲ့ရသည့်အနက် ၁၁၂ဦးတို့မှာ ကြွက်ဖျားရောဂါ ခံစားနေရကြောင်း အတည်ပြုနိုင်ခဲ့သည်။

အမ်အင်အေ၊ ပီတီအိုင်။

ဘဂ္ဂဒက်တွင် ကားဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော ဟမ်းဗီး စစ်ယာဉ်တစ်စီးအား ဆွဲယူသွားသည်ကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဩဂုတ် ၁၁ရက်အထိ ၁၈၄၄ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၁

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဩဂုတ် ၁၁ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၈၄၄ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

– သေဆုံး –

ယင်းတို့အနက် ၁၄၃၀ မှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင် အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၃ဦး၊ အီတလီ ၂၆ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

အင်တာနက်။

တောင်အာဖရိကနိုင်ငံ မာရသွန်ပြိုင်ပွဲ ခြင်္သေ့များကြောင့် ပြိုင်ပွဲခေတ္တရပ်နားခဲ့ရ

ဂျိုဟန်နက်စ်ဘတ် ဩဂုတ် ၁၁

တောင်အာဖရိကနိုင်ငံက ယူဂျာဘေးမဲ့အမျိုးသားဥယျာဉ်ကြီးအတွင်း မာရသွန်ပြိုင်ပွဲကျင်းပနေစဉ် မမျှော်လင့်ဘဲခြင်္သေ့သုံးကောင်ရောက်ရှိလာခဲ့သည်။ အဆိုပါ တိရစ္ဆာန်များကို ပြေးလမ်းမှထွက်သွားရန်မောင်းထုတ်ခဲ့သည့်အချိန်အထိ ပြေးပွဲကိုခေတ္တရပ်ခဲ့ရကြောင်း ဒေသတွင်းသတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြခဲ့သည်။ ပြေးလမ်း၏အလယ်တွင် ခြင်္သေ့သုံးကောင် အိပ်နေသည်ကိုတွေ့မြင်လိုက်ချိန်တွင် အပြေးသမားသုံးဦး ကြောက်လန့်သွားရသည့်အဖြစ်နှင့် စနေနေ့တွင်ကြုံခဲ့ရသည်ဟု စီတီအင်သတင်းစာကဖော်ပြခဲ့သည်။

ပြေးလမ်း၏ ၁၄ကီလိုမီတာမရောက်မီ ရှေ့ပြေးမော်တော် ဆိုင်ကယ်က ခြင်္သေ့များကိုတွေ့ပြီး အပြေးသမားကိုရပ်တန့်ခိုင်းခဲ့ရသည်။

ခြင်္သေ့များကိုမောင်းထုတ်ရန်အတွက် အနီးနားရှိ တောခေါင်းအဖွဲ့ကို ခေါ်ယူကာမောင်းထုတ်ခဲ့သည်။ ထို့နောက်တွင်မှ မာရသွန်ပြိုင်ပွဲကိုဆက်လက်ကျင်းပ နိုင်ကြောင်းသိရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ယာဉ်တိုက်ခိုက်မှု၊ မတော်တဆမှု သိသိသာသာ လျော့နည်းကျဆင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုတိုးတက်ရေး ဆက်လက်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြို့တော်အတွင်း ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ ယခင်ကထက် သိသိသာသာ လျော့နည်းကျဆင်းခဲ့ကြောင်း၊ ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းလာသည်နှင့်အမျှ မော်တော်ယာဉ်များနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု တိုးတက်လာစေရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာကြစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(ရန်ကုန်တိုင်း)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို အလှူရှင်များက နေ့စဉ်မပြတ် လှူဒါန်းလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်နှင့် ငွေပဒေသာပင်များ နေ့စဉ်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ခုနှစ် ဩဂုတ် ပထမပတ်မှ ဒုတိယရက်သတ္တပတ်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးမြင့်လွင် ကမာရွတ်မြို့နယ်က ဘာသာရေး စာစောင် ၁၅၂၅၀ စောင်နှင့် VCD တိပ်ခွေ ၂၅၀စုံ၊ ဦးရွှေလင်း ပန်းဘဲတန်းမြို့နယ်က မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ၊ လုံးချင်းဝတ္ထုနှင့် သတင်းစာ ၁၈၆ အုပ်၊ ဒေါက်တာကျော်စိန်-ဒေါ်တင်တင်အေး ကုန်းမြင့်ရိပ်သာ (၇) မိုင်က မဂ္ဂဇင်း၊ ဂျာနယ်စုံ အုပ် ၂၃၀၊ ဦးကျော်စိုးမိသားစု လှိုင်လင်မြို့က အောင်မြင်သူတို့၏ အပြုအမူ အုပ် ၂၅၀၊ ဦးအောင်ကြိုင် လှိုင်မြို့နယ်က မဂ္ဂဇင်း၊ စာစောင်စုံ အုပ် ၂၇၀၊ ဦးလှမြင့်-ဒေါက်တာသီတာရွှေ ကမာရွတ်မြို့နယ်က သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၂၄၀ ၊ ဒေါ်ခင်နှင်းရီ အနောက်ရန်ကင်းက မဂ္ဂဇင်းစုံ အုပ် ၃၅၀၊ ဦးမြင့်စိုး-ဒေါ်ထွေးကြည် ရတီပွင့် စာရေးကိရိယာဆိုင် ကရပ်ပြင်ရပ်၊ ထားဝယ်မြို့က ရိုးရိုးကျင့် မြင့်မြင့်ကြီးနှင့် ခိုင်မာချမ်းသာစေ ပညာအမွေ အုပ် ၁၆၀၊ မျိုးကျော်စာပေက မဂ္ဂဇင်းစုံ ၁၈၂ အုပ်၊ ဒေါက်တာခင်စန်းရီ လှည်းတန်းက သုတ၊ ရသ စာအုပ်မျိုးစုံ ၁၄၉ အုပ်၊ ဒေါ်ခင်စန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး) စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ အင်းစိန်မြို့နယ်က မဂ္ဂဇင်းစုံ အုပ် ၁၁၀၊ Eleven Media Group ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ်က ဗီရို တစ်လုံးအတွက် လှူဒါန်းငွေကျပ် ၈၀၀၀၀ နှင့် Eleven ဂျာနယ် အစောင် ၂၇၀၀ တို့ ဖြစ်ကြသည်။

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်း- ၂၅၂၄၅၈၊ ၃၇၁၃၃၉၊ ၃၇၉၇၆၉ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၂

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်ရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပရာ ဆပ်ကော်မတီနှင့် အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တပ်မှူးဗိုလ်မှူးကြီး အောင်ကျော်ဇောက အမှာစကား ပြောကြားပြီး ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သန့်ဇင်က လုပ်ငန်းစီမံချက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြိုဆိုနေရာချထားရေးအဖွဲ့ခွဲ၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့ခွဲနှင့် သက်သာချောင်ချိရေး အဖွဲ့ခွဲတို့မှ အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့အဖွဲ့ခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်ကျော်ဇောက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝိပဿနာတရားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့် အညီ သမထ-ဝိပဿနာ တရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)က မြောက်ဥက္ကလာပ မြို့နယ် ဝေဘာဂီမြို့သစ် (၃)ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံတွင် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ လည်းကောင်း၊ (ည) ရပ်ကွက် ဝေဘာဂီလမ်းရှိ မြကန်သာ ဓမ္မာရုံတွင် ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈နာရီအထိလည်းကောင်း ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ကမ္ဘာ့ မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(မြို့နယ် မိခင်/ကလေး)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၅၁၅၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာနိုင်ငံ၏ ရွှေလှျံရေလှျံ မြင်ကွင်းများ

ခြင်ကျား(မအူပင်)

"ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဆိုရိုးစကားအရ ရေသည် လူသားတို့၏ အသက် ရပ်တည်ရှင်သန်ရေးအတွက် လွန်စွာအရေးပါလေသည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်းဒေသသည် မိုးနည်းပါးသောကြောင့် ရေအခက်အခဲနှင့် အမြဲမပြတ် ရင်ဆိုင်ခဲ့ကြရသည်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့က မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသရေခက်ခဲမှုကို ထိရောက်စွာ မဖြေရှင်းနိုင်ခဲ့ချေ။ ၁၉၈၈ ခုနှစ် မှစ၍ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်စဉ်ကာလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းများရှိ ရေခက်ခဲသောကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ၁၀ နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

ကျေးလက်ဒေသစိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်ကပြီးခဲ့သည့် ၁၀ စုနှစ်အတွင်း ဆည်မြောင်းတမံ အသေး၊ အလတ်၊ အကြီးစုစုပေါင်း ၁၇၆ ခုကို တည်ဆောက်ပေးခဲ့သည်။ သီးနှံစိုက်ပျိုးရန် လုံလောက်သည့် မိုးရေချိန်မရရှိသော အပူပိုင်းဒေသများအနက် အများစုကို မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ပေးခဲ့သည်။ ၁၉၈၈-၁၉၈၉ မှ ယနေ့အထိ မြစ်ရေတင်စီမံကိန်း ၂၇၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း သီးထပ်စိုက်ပျိုးမှုသည် ၁၂၀ ရာခိုင်နှုန်းမှ ၁၅၀ ရာခိုင်နှုန်းအဖြစ် တိုးတက်လာခဲ့သည်။ အသားတင်ရေသွင်းစိုက်ပျိုးမှုဧရိယာသည် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။

ကျေးလက်ဒေသများ သောက်သုံးရေရရှိရေးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၆ ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၆၁ ဖွဲ့ တို့က မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များက ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသောသောက်သုံးရေ မရရှိသော ကျေးရွာများကို စာရင်းကောက်ယူခဲ့သည်။ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ကျေးရွာပေါင်း ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်၊ တိုင်း ၁၄ ခုတို့တွင် ၁၅၁၈၃ ရွာရှိခဲ့သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး၌ ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာအား သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စာရင်းကောက်ယူရရှိခဲ့သည်။ဤသို့ဖြင့်စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

စည်ပင်သာယာရေးအဖွဲ့များသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် အဖွဲ့ရန်ပုံငွေမှ ကျေးလက်ရေပေးရေး လုပ်ငန်းအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၀ ဒသမ ၁၃ သန်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂၁ ဒသမ ၆၁ သန်း၊ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၇၂ ဒသမ ၀၂ သန်း၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၅၃ ဒသမ ၄၄ သန်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၃၆ ဒသမ ၇၄ သန်း အထိကျခံသုံးစွဲခဲ့သည်။ လာမည့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၈၂ ဒသမ ၃၆ သန်း သုံးစွဲရန် လျာထားဆောင်ရွက်နေသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေတို့အပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ လူမှုရေးအဖွဲ့အစည်းများကပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်ကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၁၅၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျန်ပြည်နယ်/ တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များကလည်း ကျေးရွာတိုင်းသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းကို ကာယအား၊ ဒါနအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။

ရေလှူဒါန်းရခြင်းအကျိုးဆယ်ပါးမှာ မတောင်းဘဲပြည့်သည်ဖြစ်ရာ ဤသို့ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်သည့်အခါ စေတနာရှင်ပြည်သူများကပါ တက်ကြွစွာပါဝင်လှူဒါန်းခဲ့ကြလေသည်။ ပထမအကြိမ်မှ နဝမအကြိမ်အထိ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလှူဒါန်းပွဲကို ကျင်းပဆောင်ရွက်ခဲ့ရာ စုစုပေါင်းအလှူရှင် ၁၃၃၅ ဦးက ငွေကျပ် ၁၀၅၃၀ ဒသမ ၆၇၄၁ သိန်း၊ အမေရိကန်ဒေါ်လာ ၇၀၂၅၂၊ ယူရိုငွေ ၇၇၀၊ အက်ဖ်အီးစီ ၁၀၀၁၂ လှူဒါန်းခဲ့ကြသည်ဟု သိရလေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးဒသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ၂၀၀၅ ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့တွင်ကျင်းပခဲ့သည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ၌ အလှူရှင် ၁၈၀ တို့၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၀၈၅၇၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀၀ ဖြစ်ကြောင်း ဝမ်းမြောက် ပီတိဖြစ်ဖွယ်ကြားသိရသည်။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan InternationalCooperation Agency-JICA) ကလည်း ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စက်ရေတွင်းပေါင်း ၁၅၅ တွင်း တူးဖော်လှူဒါန်းခဲ့သည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိအပူပိုင်းဒေသ သောက်သုံးရေရရှိရေးအတွက်လည်း မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက် ၂၂ တွင်း တူးဖော်ဆောင်ရွက်ပေးခဲ့လေသည်။



မကွေးတိုင်း ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နရွဲတောင်ကျေးရွာတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လေးလက်မစက်ရေတွင်းကို ဤသို့ တူးဖော်ပေးခဲ့သည်။

ထို့ပြင် အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (Bridge Asia -Japan- BAJ) က ၂၀၀၁-၂၀၀၂ မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေး နှစ်ကုန်အထိ စက်ရေတွင်းတွင်းနက်ပေါင်း ၇၂ တွင်း တူးဖော်ပေးခဲ့သည်။

ထို့အတူ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)ကလည်း အပူပိုင်းဒေသ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၄၆၈ ခုတို့ကို ဆောင်ရွက်ပေးခဲ့သည်။

စည်ပင်သာယာရေးဦးစီးဌာနကလည်း အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးပြီး အလှူရှင်များ၏ အမည်ကို ကမ္ပည်းကျောက်စာတိုင်များ ရေးထိုးပေးခဲ့သည်။ စက်ရေတွင်း ဖွင့်ပွဲများကိုလည်း ကျင်းပပေးပြီး အလှူရှင်များကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ကာ အလှူရှင်များထံသို့ မိမိတို့ လှူဒါန်းမှုအပေါ် ကြည်နူးပီတိပွားနိုင်စေရန် ဓာတ်ပုံအချက်အလက် မှတ်တမ်းများကိုလည်း ပေးပို့ခဲ့သည်ဟု သိရပေသည်။ ထို့ကြောင့် စေတနာရှင်အလှူရှင်များ စဉ်ဆက်မပြတ် တိုးပွားလာပြီး ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်း ပိုမိုထိရောက် အောင်မြင်လာခဲ့ပေသည်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရာတွင် အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ခုနစ်မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁ မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်၌ မြို့နယ်လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း သိရသည်။ ယခုအခါ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်မှု ၈၉ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူရှစ်သန်းခန့် လက်တွေ့အကျိုးခံစားနေရပြီဖြစ်သည်။

အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများတွင် နှစ်စဉ်မိုးရေချိန် ၃၉ လက်မအောက်သာ ရွာသွန်းသောကြောင့် နွေအခါတွင် ရေရရှိရေးအတွက် အခက်အခဲဖြေရှင်းနေကြရပြီးလူမှုဒုက္ခများကို ကြုံတွေ့ခဲ့ကြရသည်။

နွေအခါတွင် နံနက်မိုးမလင်းမီကတည်းကပင် ၄-၅ မိုင်ခရီးသွားရောက်၍ ရေတစ်စည်၊ တစ်ထမ်းရရှိရေးအတွက် နေ့တစ်ဝက်ခန့်အချိန်ယူကာ ရေသယ်ယူရသည်။ လက်ယက်တွင်းများတူး၍ အချိန်ကုန်၊ လူပန်း၊ ရေထမ်း၊ရေရွက် ရေအတွက် အခက်ကြုံခဲ့ကြရသည်။ မိမိတို့၏ စီးပွားရေးလုပ်ငန်းထက် ရေရရှိရေးလုပ်ငန်းကို နေ့စဉ်နှင့်အမျှ ဦးစားပေးဆောင်ရွက်ခဲ့ကြရသည်။ ထိုသို့ ရေအတွက် ပင်ပန်းကြီးစွာ ကြိုးပမ်းသော်လည်း ပြည့်စုံလုံလောက်မှုမရှိသည့်အပြင် သန့်ရှင်းသော သောက်သုံးရေမရရှိသောကြောင့် ကျေလက်ဒေသနေပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်လာခဲ့လေသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

ယခင်ကာလများက အပူပိုင်းဒေသတွင် "ရွှေကိုမလို ရေကိုသာ လိုသည်" ဟု ကျေးလက်ဒေသနေ ပြည်သူတို့က ရေကိုတောင့်တခဲ့ကြလေသည်။ ယခုအခါ အပူပိုင်းဒေသများတွင် ဆည်မြောင်းတာတမံ အကြီး၊ အလတ်၊ အသေးနှင့် မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်ကဆောင်ရွက်ပေးထားခဲ့သဖြင့် စိုက်ပျိုးရေရရှိပြီး ကျေးလက်ဒေသများ ရွှေလှျံခဲ့ကြပြီဟု ဆိုရမည်ဖြစ်သည်။

စက်ရုံအလိုက် လျာထားချက်များ အောင်မြင်အောင်ဆောင်ရွက် ဈေးကွက်တွင် အရောင်းသွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

ရန်ကုန် ဩဂုတ် ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့် တိုင်းများအတွင်းရှိ ဦးစီးမှူးများ၊ စက်ရုံမှူးများ တက်ရောက်ကြသည်။

စက်စွမ်းအားပြည့်

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးများ တိုးတက်ဖွံ့ဖြိုးရန် ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်ရန်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်ရန် စက်စွမ်းအားပြည့် လည်ပတ်ရန်လိုကြောင်း။

စက်ရုံမှူးများသည် မိမိတို့အား အပ်နှင်းထားသည့် လျာထားချက်တာဝန်များကို ပြည့်မီကျော်လွန်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

စွမ်းဆောင်ချက်

အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် ၂၀၀၄ - ၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်ထက် တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းသည် စက်ရုံမှူးများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ချက်များပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင်လည်း မိမိတို့အား ပေးအပ်ထားသော လျာထားချက်တာဝန်များ ပြည့်မီကျော်လွန်အောင် ယုံကြည်ချက် ခံယူချက် ပြည့်ဝစွာဖြင့် စွမ်းအားပြည့်စွမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းများမှ စက်ရုံမှူးများက မိမိတို့ဌာနအလိုက် အသီးသီးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းတစ်ခုချင်းအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

စက်ရုံထူးချွန်ဆု

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက စက်ရုံထူးချွန်ဆုများချီးမြှင့်ရာ ပထမဆုရရှိသော မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အဏုဇီဝစိမ်းပြာရေညှိစက်ရုံ(စစ်ကိုင်း) စက်ရုံမှူးအားလည်းကောင်း၊ ဒုတိယဆုရ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ(ကြံခင်း) စက်ရုံမှူးအားလည်းကောင်း၊ တတိယဆုများရရှိကြသော မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက္ကူစက်ရုံ (စစ်တောင်း) စက်ရုံမှူးနှင့် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ စက်ရုံမှူးများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအထူးဆုများရရှိကြသည့် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း မော်ဘီမီးခံဘိလပ်မြေပြားစက်ရုံ စက်ရုံမှူးအားလည်းကောင်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) ဖိနပ်စက်ရုံ စက်ရုံမှူးနှင့် မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း အမှတ်(၁) အုတ်စက်ရုံ စက်ရုံမှူးများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်း ရေးဆွဲမှုဆုများနှင့် အခြားဆုများကို ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် စက်ရုံမှူးများ၏ သုံးသပ်တင်ပြချက်များအရ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကျေနပ်ပါကြောင်း။

ထို့ပြင် ထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေး ကောင်းမွန်ရန်လည်း လိုကြောင်း၊ လုပ်ငန်းအလိုက်၊ စက်ရုံအလိုက် လျာထားချက်အပေါ် ၁၁၅ ရာခိုင်နှုန်း အောင်မြင်အောင် မဖြစ်မနေ ဆောင်ရွက်ရေး၊ဈေးကွက်တွင်အရောင်းသွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်သွားရေး စသည်ဖြင့် မှာကြားသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

● **ကျောဖုံးမှ**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အလှူငွေပေးအပ်

ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား အရာတော်မြို့ရှိ မြို့နယ်ရုံး၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပြည်သူလူထု၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများမှာကြားပြီး နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

❍ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ရေရှားပါးမှုကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်း၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော အခြားရောဂါများ ဖြစ်ပွားခဲ့သည်ကို တွေ့ရပေသည်။

ယခုအခါ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်၊ တိုင်းတို့ရှိ ရေခက်ခဲသော ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှုမှာ ထိရောက်စွာအောင်မြင်လျက်ရှိကြောင်း တွေ့နေရလေပြီ။ ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိစေရန် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်ပေးလျက်ရှိရာ ရေငန်ဒေသများတွင်လည်း အလားအလာကောင်းများ တွေ့ရှိနေရပြီဖြစ်သည်။

ယခင်ကာလများက အပူပိုင်းဒေသတွင် "ရွှေကိုမလို ရေကိုသာလိုသည်"ဟု ကျေးလက်ဒေသနေ ပြည်သူတို့က ရေကိုတောင့်တခဲ့ကြလေသည်။ ယခုအခါ အပူပိုင်းဒေသများတွင် ဆည်မြောင်းတာတမံအကြီး၊ အလတ်၊ အသေးနှင့် မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်က ဆောင်ရွက် ပေးထားခဲ့သဖြင့် စိုက်ပျိုးရေရရှိပြီး ကျေးလက်ဒေသများ ရွှေလျှံခဲ့ကြပြီဟု ဆိုရမည်ဖြစ်သည်။

ထို့ပြင် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် စည်ပင်သာယာရေးအဖွဲ့များက စေတနာရှင်ပြည်သူတို့နှင့် ပူးပေါင်း၍ ဆောင်ရွက် အောင်မြင်နေပြီဖြစ်ရာ မြန်မာ့ပုံရိပ်တွင် ရွှေလျှံရေလျှံမြင်ကွင်းအဖြစ် ထာဝရစွဲထင်လျက် ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပေးအပ်လှူဒါန်း

အင်းစိန်မြို့နယ် အဝေရာလမ်းသွယ် (၁) နံ့သာကုန်းရပ်ကွက်နေ ဗိုလ်မှူးကြီး စိုးတင့် - ဒေါက်တာ ဒေါ်သီတာအေး မိသားစုက သားမောင်ဝဏ္ဏစိုး၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာဈေး ဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၁၂

မင်္ဂလာဈေး ဝါတွင်း သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ကြီးမှူး၍ (၁၅)ကြိမ်မြောက် ဝါတွင်း သီတဂူတရားပွဲအဖြစ် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီးက ဩဂုတ် ၁၇ ရက် ည ၇ နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် (ကြေးသွန်းဘုရားကြီးအနီး)၊ ကြားတောရလမ်း မင်္ဂလာဈေး ဓမ္မာရုံတော်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်းတရား ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သုတကာရီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၁၂

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်းတည်ထောင်သော သုတကာရီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် အနောက်ကမ်းဖြူကျေးရွာရှိ အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမြင့်စိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းဆန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ကျေးဇူးတင်စကားပြန်လည်ပြောကြား

အခမ်းအနားတွင် စာပေဝါသနာရှင် အလှူရှင်အသီးသီးက သုတ/ရသနှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်ရေ ၅၅၀ ပေးအပ်လှူဒါန်းကြပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းဆန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အသုံးအတွင်ကျယ်ဆုံး ဝေါဟာရများ အင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

The New Light of Myanmar သတင်းစာ စာတည်းမှူးချုပ် ဦးမောင်မောင်အေး ပြုစုသည့် အသုံးအတွင်ကျယ်ဆုံး ဝေါဟာရများ အင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ အဘိဓာန်စာအုပ်တွင် အသုံးအတွင်ကျယ်ဆုံး လက်ရွေးစင် ဝေါဟာရ ၆၀၀၀ ခန့်ကို ရှထောင့်စုံမှ ချဉ်းကပ်အဓိပ္ပာယ်ဖွင့်ဆိုကာ နမူနာဝါကျများ ဝေဝေဆာဆာ ဖော်ပြပေးထားသည်။ အင်္ဂလိပ်စာလေ့လာသူများအတွက် ထူးထူးခြားခြား အထောက်အကူပြုမည့် အိတ်ဆောင်အဘိဓာန်စာအုပ် ဖြစ်သည်။ (သတင်းစဉ်)

နှင့်တိုင်းများတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို ထမ်းရွက်ရင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်နှင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။

ပြည်တွင်းပြည်ပ အဖျက်သမားများသည် မဟုတ်မမှန် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီး

စေရေးအတွက် စီးပွားရေး၊လူမှုရေးဖွံ့ဖြိုးတိုး
အဆောက်အအုံကောင်းများ ဖြစ်ထွန်းလာ
ပေး ဖော်ဆောင်လျက်ရှိကြောင်း။

အခြေခံအဆောက်အအုံများ ဖြစ်
အတွက် ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်
ဖော်ဆောင်ခဲ့ရာ မျက်မှောက်ကာလတွင် ဖွံ့
အသီးအပွင့်များ နိုင်ငံတော်တစ်ဝန်း၌ အစီ
လာခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရ

ခေတ်အဆက်ဆက်အစိုးရများ ဆေ
မရှိသည့် အမျိုးသားစည်းလုံးညီညွတ်ရေ
အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့်
လက်နက်ကိုင်အဖွဲ့များသည် ဥပဒေ
ဝင်ရောက်လာသည့်အပြင် အချို့အဖွဲ့အ
လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်
အတူ ဒေသဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလု
ပါဝင်ဆောင်ရွက်လာခြင်းကြောင့် မိမိတို့
လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါ

မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်မ
ပြည်တွင်းပြည်ပ ပူးပေါင်းပြီး နိုင်င

✧ **ရှေ့ဖုံးမှ**

စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်စိုးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါက်တာ ဒေါ်မိမိခင်၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ရင်မီ၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးမျိုးညွန့်(အငြိမ်းစား)၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှ ဦးဇော်ဝင်း၊ မီးသတ်တပ်ဖွဲ့မှ ဦးအုန်းလွင်၊ မြို့မိမြို့ဖ ဦးဝမ်းတင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မေစန္ဒာထွန်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန္တာကျော်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် သဘာပတိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်စိုးက

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတော်အတွက် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း၊ ဤအမွေအနှစ်များကို မျိုးဆက်တစ်ခုပြီးတစ်ခု ကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံတော်၊ နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရန် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် အမျိုးသားရေးအသင်းကြီးဖြစ်ကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွင် အသင်းဝင်အင်အား ၈၁၃၂၂ဦး ရှိနေပြီဖြစ်ကြောင်း၊ အလွှာအလိုက် အင်အားများအနေဖြင့် တင်ပြရလျှင် တောင်သူလယ်သမား ၃၃၅၀၀၀ ကျော်၊ အလုပ်သမား ၂၇၇၄၅ ဦး၊ ဝန်ထမ်း ၅၇၇၈၁ ဦး၊ ကျောင်းသားလူငယ် ၂၈၉၇၀ နှင့် ဒေသခံပြည်သူ ၁၀၁၀၀၀ ကျော်တို့သည် အသင်းသို့ဝင်ရောက်ပြီး ဒေသအကျိုး၊ မိဘပြည်သူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိနေပါကြောင်း။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရပြီးစ အချိန်ကာလမှစ၍ ပြည်တွင်းဆူပူသောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှု ယိုယွင်းခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်ရေး နှေးကွေးနောက်ကျခဲ့ရကြောင်း၊ တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့သည့်အချိန်မှစပြီး နိုင်ငံတော်

ကို တည်ငြိမ်အေးချမ်းမှုရှိအောင် ဦးစားပေးတည်ဆောက်ပြီး အဘက်ဘက်တွင် နောက်ကျကျန်ရစ်ခဲ့သည့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနားအင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုမရှိရေး၊ ပြည်နယ်နှင့်တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက အားထည့်လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်စိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထုတ်လွှင့်ပြီး တည်ငြိမ်မှုပျက်ပြားအောင် ၎င်းတို့အတွက်အကျိုးအတွက် လုပ်ဆောင်လျက်ရှိကြောင်း၊ အခွင့်သာလျှင် သာသလို အပြစ်မဲ့ပြည်သူများ၏ လုံခြုံမှုကို ထိပါးနှောင့်ယှက်သည်အထိ လက်ရဲဇက်ရဲ အတင့်ရဲလာသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ဤသို့ပြည်သူများအား ဒုက္ခရောက်အောင် ဖန်တီးနေသည့် အဖျက်သမားများ၊ နိုင်ငံရေးပါတီအမည်ခံပြီး နိုင်ငံနှင့်လူမျိုး အကျိုးထက် ကိုယ်အာဏာရရေးကိုသာ ဦးစားပေးသည့် အာဏာရူးများသည် ပြည်ပနိုင်ငံအချို့နှင့်ပူးပေါင်းကာ စီးပွားရေးအရ ပိတ်ဆို့တားဆီးမှုများ၊ ပြည်သူများ ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ အမြဲလုပ်ဆောင်နေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

ဒီမိုကရေစီအရေး ရှေ့တန်းတင်ပြီး လူ့အခွင့်အရေးဇန်းပြ၊ မူးယစ်ဆေးဝါးဖြင့် အကြောင်းရှာ၊ အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်သူတို့၏ လုံခြုံမှုကို ထိပါးသည်အထိ ဆောင်ရွက်လာပြီးဖြစ်သည့်အတွက် ၎င်းတို့အား ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တွန်းလှန်တိုက်ဖျက်သွားကြပါစို့ဟု ဤလူထုအစည်းအဝေးကြီးတွင် တင်ပြလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦးက **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ၌ ယခုအချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများနှင့် အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ထွန်းလာ

စုပ်စွဲပုတ်ခတ်

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိ
သည်ကို မနာလိုမရှုဆိတ်ဖြစ်နေသည့် ပြ
လက်သစ်များနှင့် ပြည်တွင်းမှပုဆိန်ရိုး
ထောင်စုကြီး ပြိုကွဲသွားစေရန် ပူးပေါင်းေ
သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အာဏာ
ရလျှင်ရ၊ မရလျှင် တည်ငြိမ်အေးချမ်းမှု
အလုံးစုံပျက်သုဉ်းစေရန် ကြံစည်စီမံနေသ
တွေ့မြင်ရမှာဖြစ်ကြောင်း၊ ပြည်တွင်းမှ အ
အလုံးစုံပျက်သုဉ်းစေရန် ကောက်ကျစ်စဉ်းလ
နေသကဲ့သို့ပင် ပြည်ပမှ ဆရာကြီးများက

"ပြည်တွင်းပြည်ပ အဖျက်သမားမျ
ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အား
ရေး"နှင့်ပတ်သက်၍ ပဲခူးတိုင်း(အနော
မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြ
အတွင်းရေးမှူး ဦးနန်းဦး ဆွေးနွေးတင

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မေစန္ဒာထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန္တာကျော်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြု

- ❒ ခေတ်အဆက်ဆက်အစိုးရများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာ။
- ❒ အချို့အဖွဲ့အစည်းများသည် လက်နက်ကိုင် လမ်းစဉ်ကို လုံးဝစွန့်လွှတ်ပြီး ပြည်သူနှင့်အတူ ဒေသဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာခြင်းကြောင့် မိမိတို့ ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြု။

စေရေးအတွက် စီးပွားရေး၊လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံ အဆောက်အအုံကောင်းများ ဖြစ်ထွန်းလာစေရန် အလေးပေး ဖော်ဆောင်လျက်ရှိကြောင်း။

အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းပကားများဖြင့် ဖော်ဆောင်ခဲ့ရာ မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ နိုင်ငံတော်တစ်ဝန်း၌ အစီအရီ ပေါ်ထွက်လာခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရမှာဖြစ်ကြောင်း။

ခေတ်အဆက်ဆက်အစိုးရများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့်အပြင် အချို့အဖွဲ့အစည်းများသည် လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ပြီး ပြည်သူနှင့်အတူ ဒေသဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာခြင်းကြောင့် မိမိတို့ ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါကြောင်း။

တစ်ဖက်သတ်မတရားစွပ်စွဲချက်များသည် ပကတိအခြေအနေနှင့်ကင်းကွာ၊ မှန်ကန်မှုမရှိ ပူးပေါင်းပြီး နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း လုပ်နေသည်များကို သတိရှိရှိကာကွယ်

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

တို့ကို ဂုဏ်သိက္ခာရှိရှိ ခိုင်ခိုင်မာမာ ကျင့်သုံးဆောင်ရွက်နေကြောင်း။

သို့သော် ပြည်တွင်းက သစ္စာဖောက်များကမူ နိုင်ငံတော်ကြီး ဆုတ်ယုတ်ဆုံးရှုံးပျက်စီးစေရန်၊ ပြည်သူများ ဒုက္ခရောက်စေရန် ဖိအားပေးတောင်းဆိုခဲ့ကြကြောင်း၊ ၎င်းတို့က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ မလုပ်ကြရန်၊ မြန်မာနိုင်ငံအပေါ် အနောက်အင်အားကြီးနိုင်ငံက ချမှတ်သည့် Sanctionနှင့် ပိတ်ဆို့မှုများကို လက်ခံကြောင်း၊ အခြားနိုင်ငံများကလည်း ဝိုင်းဝန်းပိတ်ဆို့ အကျပ်ကိုင်စေလိုကြောင်းကို တောင်းဆိုခဲ့ကြကြောင်း၊ ဤသို့ လွဲမှားယုတ်ညံ့သည့် လုပ်ရပ်များကြောင့် မိမိတို့ကဲ့သို့ ပြည်သူများသာ ဆုံးရှုံးနစ်နာခဲ့ရကြောင်း။

ထို့အပြင် ပြည်ပြေး စဝ်ခမ်ဖကလည်း ပြည်ထောင်စုကြီး ပြိုကွဲစေရန် ပြည်ထောင်စုမှ ခွဲထွက်ရန် တရားမဝင် ကြံစည်လုပ်ဆောင်ခဲ့ပြန်ကြောင်း၊ ဤသို့ လုပ်ဆောင်ချက်အတွက် နိုင်ငံတော်အစိုးရက ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သကဲ့သို့ အမျိုးသားရေးအင်အားစု အဖွဲ့အစည်းများကလည်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကန့်ကွက်ခဲ့ကြကြောင်း။

မိမိတို့ မြန်မာနိုင်ငံကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး ဗန်းပြပြီး စွပ်စွဲနေမှုများသာမက မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု မှောင်ခိုကိစ္စများ ကာကွယ်တားဆီး တိုက်ဖျက်ရေးများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု မရှိဘူးဟုလည်း ဇွတ်အတင်း စွပ်စွဲနေသည်များလည်း ရှိကြောင်း။

ဆရာကြီးများအလိုကျ ကြိုးဆွဲရာ "က" နေကြသူများသာ ဖြစ်ကြောင်း။

ဤသို့ ပြည်သူများ၏ ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲပြုမူလုပ်ဆောင်မှုများသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းအစဉ်အလာ၊ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေမှုမရှိသော၊ ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်ကို ထိပါးစေသော ပြည်တွင်းပြည်ပ နှောင့်ယှက်ဟန့်တားမှုများသာဖြစ်သည်ဆိုသည်ကို တိုင်းရင်းသားပြည်သူများကသိမြင်ပြီး ပြည်သူအားလုံးက သတိရှိရှိနှင့် ဝိုင်းဝန်းကာကွယ် ဆန့်ကျင်သွားကြရန် တင်ပြလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် တိုင်းပြည်ပျက်စီးစေရန် နည်းမျိုးစုံသုံးပြီး လုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူလူထုတစ်ရပ်လုံးက အစဉ်သတိရှိရှိဖြင့် မိမိတို့ပြည်သူများ၏စွမ်းအား စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

စွပ်စွဲပုတ်ခတ်

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာသည်ကို မနာလိုမရှုဆိတ်ဖြစ်နေသည့် ပြည်ပမှ နယ်ချဲ့လက်သစ်များနှင့် ပြည်တွင်းမှပုဆိန်ရိုးများက ပြည်ထောင်စုကြီး ပြိုကွဲသွားစေရန် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အာဏာကို ဖြတ်လမ်းက ရလျှင်ရ၊ မရလျှင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး အလုံးစုံပျက်သုဉ်းစေရန် ကြံစည်စီမံနေသည်များကိုလည်း တွေ့မြင်ရမှာဖြစ်ကြောင်း၊ ပြည်တွင်းမှ အာဏာရူးများက အလုံးစုံပျက်သုဉ်းစေရန် ကောက်ကျစ်စဉ်းလဲစွာလုပ်ဆောင်နေသကဲ့သို့ပင် ပြည်ပမှ ဆရာကြီးများက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး အကြောင်းပြပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသည်များ၊ အဖွဲ့အစည်းမျိုးစုံအမည်ခံပြီး တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်း မဟုတ်မမှန် စွပ်စွဲပုတ်ခတ်နေသည်များကို လုပ်ဆောင်လျက်ရှိနေကြကြောင်း။

နိုင်ငံတော် ပြိုကွဲပျက်စီးစေရေးအတွက် စီးပွားရေးပိတ်ဆို့မှု အစီအမံမျိုးစုံကို တစ်ခုပြီးတစ်ခု လုပ်ဆောင်နေကြောင်း၊ ပြည်တွင်းမှ မျိုးဖျက်သစ္စာဖောက်များက နိုင်ငံတော်အစိုးရကို အကူအညီများမပေးကြပါနှင့်၊ ကမ္ဘာလှည့်ခရီးသည်များ မလာကြပါနှင့်ဟု တကြော်ကြော်အော်၊ ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင်၊ နိုင်ငံတကာတွင် သိက္ခာကျရအောင် ရာဇဝတ်မှုများ လက်ရဲဇက်ရဲ ကျူးလွန်သည်များကို ပြည်သူအများက အပြင်းအထန် ရှုတ်ချလျက်ရှိနေကြောင်း။

ကြိုးဆွဲရာကနေ

ဤမျိုးဖျက်သစ္စာဖောက်များသည် ပြည်တွင်း၌ရှိစဉ်ကလည်း တည်ဆဲဥပဒေများကို ချိုးဖောက်ကာ ရာဇဝတ်မှုများကျူးလွန်ပြီး ပြည်ပကို ခိုးကြောင်ခိုးဝှက်ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေးများသာဖြစ်ပြီး ပြည်သူများ၏အကျိုး၊ တိုင်းပြည်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ဖူးသူများ မဟုတ်ကြကြောင်း၊ ပြည်ပမှ အထောက်အပံ့များကို လက်ဖြန့်တောင်းခံပြီး သူတို့

မူကြီး(၅)ရပ်

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ် ဒေါ်သိန်းသိန်းဝင်းက ဆက်လက် ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ဖြစ်သည့် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး အခြားနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး

ပကတိအခြေအနေနှင့်ကင်းကွာ

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက တပ်မတော်နှင့် လက်တွဲပူးပေါင်းပြီး အသက်၊ သွေး၊ ချွေးများစွာ ဆုံးရှုံးခံကာ အစွမ်းကုန်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးကိုလည်း UNODC ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ UNODC ထုတ်ပြန်ချက်များအရ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ ခုနှစ်အတွင်း ၁၃ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်အတွင်း ၂၄ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်အတွင်း ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် မတရားစွပ်စွဲချက်များသည် ပကတိအခြေအနေနှင့် ကင်းကွာနေသည့် စွပ်စွဲချက်များဖြစ်သည့်အတွက် မှန်ကန်မှု မရှိပါဘူးဟု ပြောကြားလိုက်ပါကြောင်း။

ပြည်တွင်းပြည်ပ ပူးပေါင်းပြီး နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း ယခုကဲ့သို့ လုပ်ဆောင်နေကြသည်များကို မိမိတို့ပြည်သူများက စည်းလုံးမှုအင်အားဖြင့် သတိရှိရှိ ကာကွယ်သွားရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းတည်ဆောက်နေကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦး ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် ပတ်သက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်သိန်းသိန်းဝင်း ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ပေါက်ခေါင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးမင်း ထောက်ခံဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ဥမ္မာ ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ဒို့တာဝန်အရေး(၃)ပါးသည် နိုင်ငံတော်အတွက် အသက်တမျှ တန်ဖိုးထားအပ်သည့်အမျိုးသားရေးဂုဏ်ဒြပ် နိုင်ငံသူ နိုင်ငံသားများအားလုံး ဦးထိပ်ပန်ဆင် လိုက်နာကျင့်သုံးရမည့် အမျိုးသားရေး တာဝန်ဖြစ်

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဝင်း(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

❒ **စာမျက်နှာ ၉ မှ**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း မည်သည့်ခေတ်နှင့်မျှမတူဘဲ တိုးတက်ပြောင်းလဲလျက်ရှိပြီး အောင်မြင်မှုရလဒ်ကောင်း၏ အသီးအပွင့်များကို ခံစားနေရပြီဖြစ်ကြောင်း။

မိမိတို့ ပြည်သူများက ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ ပြည်ထောင်စုကြီးပြိုကွဲစေမည့် ထိပါးမှုဟူသမျှကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အခြေခံပြီး ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားတို့ဖြင့် တွန်းလှန်တိုက်ဖျက်သွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် ပေါက်ခေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးမင်းက မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦးနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်သိန်းသိန်းဝင်းတို့ တင်သွင်းသွားကြသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

လိုက်လိုက်လှဲလှဲ

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ဥမ္မာက **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် အဖျက်အမှောင့်သမားများက တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကို မည်သို့ပင်သွေးခွဲစေကာမူ နိုင်ငံတော်အစိုးရ တာဝန်ယူချိန်ကစပြီး စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ သဘောထားအစစ်အမှန်ကို ယုံကြည်သဘောပေါက်ကြပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးကိုရယူပြီး ဒေသဖွံ့ဖြိုးရေးများကို ပူးပေါင်း တည်ဆောက်နေပြီဖြစ်ကြောင်း၊ SSNA မှ ဦးကန်န ဦးစီးသည့်အဖွဲ့၊ ဦးဂုဏ်ခေး ဦးစီးသည့်အဖွဲ့၊ ဦးစိုင်းကူ ဦးစီးသည့်အဖွဲ့၊ SSA (ခွဲထွက်)မှ ဦးစိုင်းရီ ဦးစီးသည့်အဖွဲ့၊ PSLA မှ ဦးအိုက်မုန်း ဦးစီးသည့်အဖွဲ့များသည် နိုင်ငံတော်၏ သဘောထားအမှန် စေတနာအမှန်ကိုသိရှိ၍ လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ပြီး ပြည်သူများနှင့်အတူ တစ်သားတည်းတစ်ထပ်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာကြသဖြင့် ပြည်သူအားလုံး၏ ကိုယ်စား လိုက်လိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါသည်ဟု ဤနေရာက ပြောကြားလိုက်ပါကြောင်း။

ဒို့တာဝန်အရေး(၃)ပါးသည် နိုင်ငံတော်အတွက် အသက်တမျှ တန်ဖိုးထားအပ်သည့် အမျိုးသားရေး ဂုဏ်ဒြပ်ဖြစ်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဦးထိပ်ပန်ဆင် လိုက်နာကျင့်သုံးရမည့် အမျိုးသားရေးတာဝန်လည်း ဖြစ်ပါကြောင်း။

လမ်းညွှန်မိန့်ကြားခဲ့

ဒို့တာဝန်အရေး(၃)ပါးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မေလ ၂ရက်နေ့က ကျင်းပခဲ့သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနား၌ **"နိုင်ငံတော်တည်ဆောက်ရေး၏ တူရူချက်သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရေးဖြစ်ကြောင်း၊ ဤတည်ဆောက်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မျိုးဆက်သစ်ပေါင်းများစွာတို့၏ သမိုင်းကြောင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးခံယူချက်ရှိသူများကသာ နိုင်ငံ့သမိုင်းကို တိုးတက်အောင်ဖန်တီးနိုင်မည် ဖြစ်ကြောင်း၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားသွားခဲ့ပါကြောင်း။

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်ကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏တန်ဖိုးများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်ကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏တန်ဖိုးများကို နားလည်သဘော ပေါက်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်။

မိမိတို့မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ်က ပြည်သူတစ်ရပ်လုံး ဒုက္ခပင်လယ်ဝေပြီး သူ့ကျွန်ဘဝ ပြန်ရောက်သွားမည့် အခြေအနေဆိုးကြီး ဖြစ်ပွားလာခဲ့သည့်အတွက် တပ်မတော်ကပင် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရသည် နိုင်ငံတော်ကို တာဝန်ယူခဲ့ချိန်ကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့မအား ညမနား စဉ်တိုက်ဆက်တိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခဲ့သဖြင့် မိမိတို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘက်စုံကဏ္ဍစုံတွင် အံ့သြစရာကောင်းလောက်အောင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကိုကြည့်လျှင် ပညာသင်ကြားရေး စနစ်များ အဆင့်မြင့်မား တိုးတက်လာသကဲ့သို့ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်ကြီးများ ဒေသအားလုံး၌ တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း၊ ထူးခြားသည့်အောင်မြင်မှုမှာ ကျောင်းနေရမည့်အရွယ် ကလေးတိုင်းကို ရာနှုန်းပြည့်နီးပါး ကျောင်းနေခွင့်ရစေရန် အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများ အများအပြား တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆရာဝန်၊ ဆရာမများ တိုးချဲ့မွေးထုတ်ခန့်ထားပေးခြင်း၊ အထူးကုဆေးရုံကြီးများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများအပြင်

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဌေး ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်နယ်/တိုင်းမြို့ကြီးများ၌လည်း တည်ဆောက်ပေးလျက်ရှိသဖြင့် မိမိတို့ ပြည်သူတစ်ရပ်လုံး အကျိုးကျေးဇူးများ ရရှိခံစားရပြီဖြစ်သည့်အပြင် သယ်ယူပို့ဆောင်ရေး လုံခြုံချောမွေ့လွယ်ကူစေရန် လမ်းများ၊ တံတားကြီး၊ တံတားငယ်များ တစ်နိုင်ငံလုံးတွင် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည့်အတွက် မြန်မာတစ်နိုင်ငံလုံး အလွယ်တကူ သွားလာလုပ်ကိုင်နိုင်သည့်အဆင့် ရောက်ရှိနေပြီဖြစ်သည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း၊ ယင်းတိုးတက်ပြောင်းလဲမှုများသည် မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှ မနှိုင်းယှဉ်နိုင်အောင် ပြောင်းလဲတိုးတက်လာခဲ့သည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလှပါကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် အဆင့်(၇)ဆင့် ပါဝင်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး၊ အမျိုးသားရေး ကြိုးပမ်းမှုကြီး အောင်အောင်မြင်မြင်ဖြင့် အစီအစဉ်တကျ ရှေ့သို့ တက်လှမ်းနေပြီဖြစ်သည့်အခြေအနေ အချိန်အခါကောင်းတွင် တိုင်းရင်းသားပြည်သူအားလုံးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် တက်ညီလက်ညီ ဆက်လက်လက်တွဲပူးပေါင်းပြီး နိုင်ငံတော်၏ အနာဂတ်ကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဘက်စုံတိုးတက်လာ

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဝင်း(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် ချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်ထဲမှ နိုင်ငံရေးဦးတည်ချက်(၄)ရပ်ကို ပြန်ကြည့်လျှင် ယနေ့တပ်မတော်အစိုးရအနေဖြင့် အပြောနှင့်အလုပ်၊ သဘောတရားနှင့် လက်တွေ့ မည်ကဲ့သို့ ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ဆိုသည်မှာ သိသာထင်ရှားလှကြောင်း၊ နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေအကျိုးသက်ရောက်မှု စသည်တို့ မရှိလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်နည်းနှင့်မျှ ဆောင်ရွက်၍မရကြောင်းကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်စေရန်၊ ရပ်ရွာအေးချမ်းသာယာစေရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်အလေးပေးပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အချို့အဖွဲ့များသည် လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ကာ ပြည်သူများနှင့် တစ်သားတည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ဘက်စုံကဏ္ဍစုံ၌ ယခင်ကထက် များစွာ တိုးတက်ကောင်းမွန်လာနေပြီဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် တိုင်းပြည် အေးချမ်းတည်ငြိမ်မှုရှိစေရန် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် စီးပွားရေးဦးတည်ချက်များအတိုင်း စီးပွားရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်ခဲ့၍ နိုင်ငံတော်၏စီးပွားရေး သိသိသာသာ တိုးတက်လာခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ စီးပွားရေး အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ လေယာဉ်ကွင်းသစ်များ၊ မီးရထားလမ်းများ၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ခြင်းများသည် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှမတူသည့် တိုးတက်မှုသာဓကများ ဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေးလျက်ရှိ

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ကြောင်း၊ ညီလာခံကြီးတွင် မြို့နယ်အဆင့်အထိပါဝင်သည့် ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်သည့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ စသည်ဖြင့် အလွှာအသီးသီးမှ ကိုယ်စားလှယ်များဖြင့် စုပေါင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ယခုအခါ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းတင်ပြလိုက်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄/၅)သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဆုရရှိသော သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နည်းပညာနောက်ကျမကျန်ရစ်စေရန် ကြိုးပမ်း လေ့ကျင့်မှုကောင်းမှ ကွပ်ကဲမှု ကြီးကြပ်မှုကောင်းမည်

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၄/၅) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလသည် ပညာနှင့် နည်းပညာကို ပိုမိုအသုံးပြုလာသော အချိန်ကာလဖြစ်ကြောင်း၊ ပညာနှင့် နည်းပညာ နောက်ကျ မကျန်ရစ်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုခိုင်မာ အားကောင်းလာရန် ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်ကြောင်း၊ လေ့ကျင့်မှုကောင်းမှသာ ကွပ်ကဲမှု၊ ကြီးကြပ်မှုလည်း ကောင်းမှာဖြစ်သဖြင့် လေ့ကျင့်မှုသည် အရေးကြီးကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်းများသည် ဒေသအဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသည့် လုပ်ငန်းများကို ဆောင်ရွက်ရသဖြင့် အမြင်ကျယ်ရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေး အမြင်သာမက နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး အမြင်များနှင့်လည်း သုံးသပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ကြသူများ ဖြစ်သည့်အတွက် မိမိတို့ကိုယ်တိုင် စည်းကမ်းရှိကြရန်၊ ဥပဒေစည်းကမ်းများကို နားလည်ရန်၊ နမူနာပြ လေးစားလိုက်နာကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဆုရရှိသော သင်တန်းသားများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၅၃ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

နီးနှောဖလှယ်ပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၅ ခုနှစ် ဩဂုတ် ၁၀ရက်မှ ၁၁ရက်အထိ ကျင်းပသည့် (၆)ကြိမ်မြောက် နိုင်ငံတကာ ကျန်းမာရေးအဆင့်မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် နီးနှောဖလှယ်ပွဲသို့ တက်ရောက်ပြီးနောက် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲဆုပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ကုမုဒြာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆုများပေးအပ်

ထို့နောက် ပြိုင်ပွဲတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ဆုရရှိကြသူများအား ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူး သိန်းဇော်နှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးရာသီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အတွက် မိတ္ထီလာ မြို့နယ်စည် ပင် သာယာရေး အဖွဲ့က ရန်ကုန်–မန္တလေးလမ်းရှိ ရေမြောင်း တစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေပြီး ခြင်များ မပေါက်ပွားနိုင်စေရန် ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၁ရက်က ဒုတိယဦးစီးမှူး (သန့်) ဦး အောင် စိုး နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စမ်းချောင်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတွင် အသုံးပြုရန်အတွက် ဩဂုတ် ၇ ရက်က အလှူရှင်ဦးထွန်းထွန်းဦး–ဒေါ်မြမြသွေး၊ သမီးမခိုင်မြတ်နိုးဦး (ဒုတိယတန်း) တို့က ပတ္တလား လှူဒါန်းစဉ်။ (က–ပ)

❍ စာမျက်နှာ ၁၀ မှ

နိုင်ငံချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် အဖျက်အမှောင့် အနှောင့်အယှက် အဟန့်အတားများကို နည်းမျိုးစုံရင်ဆိုင်ကျော်လွှားရင်း တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်းသစ္စာဖောက်များ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ ကိုလိုနီနယ်ချဲ့လက်သစ်များ၊ အမေကျော် ဒွေးတော်လွမ်းသူများ၊ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီး ထိုးဖောက်မည် ဆိုသူများသည် အဖျက်အမှောင့် လုပ်ငန်းနည်းမျိုးစုံဖြင့် တိုင်းပြည်ကျွန်ပြန်ဖြစ်စေရန် ကျွန်ဇာတ်ခင်းလျက်ရှိကြောင်း၊ သို့သော် တပ်မတော်အစိုးရသည် ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်သည်အထိ မဆုတ်မနစ်သော ဇွဲ၊လုံ့လ၊ ဝီရိယတို့ဖြင့် ပြည်သူတို့နှင့်အတူ လက်တွဲ ကာ တွန်းလှန်တိုက်ဖျက်ရင်း နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အရန်အင်အားစုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီ၊ မီးသတ် စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ အစဉ်ထာဝရလက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ချောမွေ့အောင်မြင်အောင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီပူးပေါင်း၍ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အခိုဌာန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

အစီအစဉ်အရ ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဌေးက ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် ဒေါ်ဥမ္မာနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဝင်း (အငြိမ်းစား)တို့ တင်ပြဆွေးနွေးသွားသည့် **"ဒို့တာဝန် အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးရန် ထောက်ခံဆွေးနွေး တင်ပြသည်။

ယင်းနောက် သဘာပတိက **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုနှင့် **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆို နှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေး တက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ နံနက် ၉နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဩဂုတ် ၁၂

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု သုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၈–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း	
၇:၀၀	၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။ အကပြိုင်ပွဲ
၈:၁၀	၆။ တေးဂီတအစီအစဉ်
၈:၂၀	၇။ ကျောက်ကြီးပေါက်တံတား
၈:၃၀	၈။ International News.
၈:၄၅	၉။ Grammar Made Easy.
၉:၀၀	၁၀။ အစီအစဉ်ပြီး၏။
နေ့လယ်ပိုင်း	
၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၅	၂။ တေးဂီတအစီအစဉ်
၁၁:၃၀	၃။ ပြည်တွင်းသတင်း
၁၁:၄၀	၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀	၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း–၂၈)**
၁:၀၀	၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁:၁၀	၈။ **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ**
၂:၀၅	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၂၀	၁၀။ အတီးပြိုင်ပွဲ
၂:၃၀	၁၁။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ဂူရှူး)**
၂:၄၅	၁၂။ International News.
၃:၀၀	၁၃။ အစီအစဉ်ပြီး၏။
ညပိုင်း	
၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။ English for Every day Use.
၄:၄၅	၄။ တေးဂီတအစီအစဉ်
၅:၀၀	၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅:၁၅	၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅:၂၀	၇။ ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၅–၁၀နှစ်)(အမျိုးသား/အမျိုးသမီး)
၅:၃၅	၈။ မြန်မာစာမြန်မာစကား
၅:၅၀	၉။ အတီးပြိုင်ပွဲ
၆:၀၅	၁၀။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊ မေသဉ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**
၆:၂၀	၁၁။ တေးဂီတအစီအစဉ်
၆:၃၀	၁၂။ ညနေခင်းသတင်း
၇:၀၀	၁၃။ မိုးလေဝသအခြေအနေ
၇:၀၅	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း–၄၇)**
၇:၃၅	၁၅။ ထာဝစဉ်နှလုံမြန်မာ့ဂီတ (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း–၇)
၇:၄၅	၁၆။ တေးဂီတအစီအစဉ်
၈:၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၆၆)**
	၂၁။ နောက်တစ်နေ့အစီအစဉ်
	၂၂။ အစီအစဉ်ပြီး၏။

၂၀၀၅ ခုနှစ် (၁၃)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ကြေညာ

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီး ဌာနသာသနာရေးဦးစီးဌာနက (၁၃)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၄ဌာနတို့၌ ဇွန် ၁၃ရက်မှ ၁၇ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်း အောင် ၂၂၄ပါး၊ လေးကျမ်းအောင် အပါး ၂၄၀၊ သုံးကျမ်းအောင် ၃၀၁ပါး၊ နှစ်ကျမ်းအောင် ၃၂၆ပါးနှင့် တစ်ကျမ်းအောင် ၄၉၂ပါးတို့ ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် ၂၂၄ပါးအနက် ခုံအမှတ် (ဒဂတ–၅၇) အရှင်အဂ္ဂဝံသ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းက (ပထမ)၊ ခုံအမှတ်(မရ–၁၂၉) ရှင်ပဏ္ဍဝါလင်္ကာရ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းက (ဒုတိယ)၊ ခုံအမှတ်(စက–၁၉၅) အရှင်ရာဇိန္ဒ တိပိဋက နိကာယကျောင်းတိုက် ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းက (တတိယ)နှင့် ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် (စခ–၇၁) မနီလာသီရိ သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဥက္ကာစာရီ မြန်အောင်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းက (သီလရှင်–ပထမ) ရရှိကြသည်။

အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၁ပါး၊ နှစ်ကျမ်းအောင် ၄၂ပါး၊ တစ်ကျမ်းအောင် ၃၇ပါး တို့ဖြစ်ကြသည်။ ဒီဃနိကာယ်သုံးကျမ်းအောင် ၅၁ပါးအနက် ခုံအမှတ်(မန်း– ပကခ–၁၂)အရှင်ခေမာဝံသ၊ မင်္ဂလာ သိဒ္ဓိကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းက (ပထမ)၊ ခုံအမှတ်(စက–၄) အရှင်ဝိလာသ တိပိဋက နိကာယကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းက (ဒုတိယ)၊ ခုံအမှတ်(မရ–၆) အရှင်ပညာ ဝံသာလင်္ကာရ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းက (တတိယ)နှင့် ဒီဃနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် (မန်း–ပကခ–၂၄) မတိက္ခဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းက (သီလရှင်–ပထမ) ရရှိကြသည်။

အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၁ပါး၊ နှစ်ကျမ်းအောင်ကိုးပါး၊ တစ်ကျမ်းအောင် ခြောက်ပါးတို့ ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ၂၁ပါးအနက် ခုံအမှတ် (မရ–၃) အရှင်တေဇာနန္ဒာလင်္ကာရ သလ္လာဝတီရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းက (ပထမ)၊ ခုံအမှတ်(ပခ–၂) အရှင်သီလာနန္ဒာလင်္ကာရ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ဥဿမြို့သစ်၊ ပဲခူးတိုင်းက (ဒုတိယ)၊ ခုံအမှတ် (ထီလာ–၅) အရှင် ဝိမလသာရ သာသနာဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းက (တတိယ) ရရှိကြသည်။

အုပ်စု (၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ခြောက်ပါး၊ နှစ်ကျမ်းအောင်ခုနစ်ပါး၊ တစ်ကျမ်းအောင်ငါးပါး တို့ဖြစ်ကြသည်။

သံယုတ္တနိကာယ်သုံးကျမ်းအောင် ခြောက်ပါးအနက် ခုံအမှတ် (တက–၁)၊ ဖွေးဝိဇ္ဇာနန္ဒ ပထမတောင်ကျောင်းကြီးတိုက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်က (ပထမ)၊ ခုံအမှတ်(သက–၁) အရှင်တေဇောဘာသ တိပိဋကာလင်္ကာရစာသင်တိုက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းက (ဒုတိယ)နှင့် ခုံအမှတ် (ပူရ–၁) အရှင်ပါကဋ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းက (တတိယ) ရရှိကြသည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၄ပါး၊ နှစ်ကျမ်းအောင် ၄၅ပါး၊ တစ်ကျမ်းအောင် ၃၄ပါးတို့ ဖြစ်ကြသည်။ အင်္ဂုတ္တရနိကာယ်သုံး ကျမ်းအောင် ၅၄ပါးအနက် ခုံအမှတ်(ပူရ–၁၈) အရှင်သာသန မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းက (ပထမ)၊ ခုံအမှတ်(မဟမ–၄၄) ရှင်ပညာဓဇာလင်္ကာရ ဇယမေဒနီဝါဆိုကျောင်း ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မဟာအောင်မြေမြို့နယ် ၊ မန္တလေးတိုင်းက (ဒုတိယ)နှင့် ခုံအမှတ်(ဗဟ–၅) ရှင်ရာဇဓမ္မာလင်္ကာရ ပါဠိတက္ကသိုလ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းက (တတိယ) ရရှိကြသည်။

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက)ငါးကျမ်းတွင် သုံးပါး ဝင်ရောက်ဖြေဆိုရာ ငါးကျမ်းအောင်တစ်ပါး၊ လေးကျမ်းအောင်တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)ငါးကျမ်းတွင် တစ်ပါး ဝင်ရောက်ဖြေဆိုရာ ငါးကျမ်းအောင်တစ်ပါးဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)ပထမပိုင်း နှစ်ကျမ်းတွင် ၅၈ပါး ဝင်ရောက်ဖြေဆိုရာ နှစ်ကျမ်းအောင်ခြောက်ပါး၊ တစ်ကျမ်းအောင်ရှစ်ပါးတို့ ဖြစ်ကြသည်။

ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)ပထမပိုင်းနှစ်ကျမ်းအောင်ခြောက်ပါးအနက် ခုံအမှတ်(သက–၁) အရှင်ကုမာရ တိပိဋကာလင်္ကာရစာသင်တိုက် သာကေတမြို့နယ်၊ ရန်ကုန်တိုင်းက (ပထမ)၊ ခုံအမှတ်(ကြို့–၄) အရှင်သာသနဓဇ တိုက်ကျောင်း ပါဠိတက္ကသိုလ် ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းက(ဒုတိယ)နှင့် ခုံအမှတ် (ဒဂတ–၁) အရှင်ဇာနေယျ နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းက (တတိယ)ရရှိကြသည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) ဒုတိယပိုင်းငါးကျမ်းတွင် နှစ်ပါး ဝင်ရောက်ဖြေဆိုရာ နှစ်ကျမ်းအောင်တစ်ပါးဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) အင်္ဂုတ္တိုရအဋ္ဌကထာ(မဟာဝိဒူ တန်း)တွင် သုံးပါး ဝင်ရောက်ဖြေဆိုရာ သုံးကျမ်းအောင်တစ်ပါးဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)ဒုတိယပိုင်း အဋ္ဌကထာ(မဟာဝိဒူတန်း)တွင် တစ်ပါး ဝင်ရောက်ဖြေဆိုရာ တစ်ပါးအောင်မြင်သည်။

(၁၃)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စုကိုးခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်သူပေါင်းမှာ အပါး ၁၉၃၀ တို့ဖြစ်သည်။

ယင်းအောင်စာရင်းအပြည့်အစုံကို နိကာယ်စာမေးပွဲ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယက အဖွဲ့များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် အတွင်းရှိ သူစိုး၊ စိန်ပန်းကျင်း၊ မာန်လည်ကျေးရွာ မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက်ရောက်၊ ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပုဂံ–ညောင်ဦး လေဆိပ်သို့ရောက်ရှိရာ လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ဘိုးရင်း (၇၃၇–၃၀၀/၄၀၀) လေယာဉ်ကြီးများအထိ ရပ်နားနိုင်သော Apron (200' x 300') (400' x 600') **တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ စံချိန်စံနှုန်းပြည့်မီအောင် ဆောင်ရွက်ကြရေးနှင့် ခြိုးခြံချွေတာသုံးစွဲရေးတို့ကို မှာကြားသည်။**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့်တွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နွားထိုးကြီးမြို့နယ် လက်ဝဲ/မြင်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သူစိုးကျေးရွာ၊ စိန်ပန်းကျင်းကျေးရွာနှင့် မာန်လည်ကျေးရွာများသို့ သွားရောက်ပြီး ဒေသခံရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် လိုအပ်ချက်များ မှာကြားပြီး ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀စီကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သူစိုးကျေးရွာနှင့် စိန်ပန်းကျင်းကျေးရွာချင်း ဆက်လမ်း ပြန်လည်ပြုပြင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်ဇနီးတို့သည် ဩဂုတ် ၆ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် နွားထိုးကြီး အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာထူးချွန်အောင်ကြိုးကြပ်ပေးသော မြို့နယ်ပညာရေးမှူး၊ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးတို့က ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများအား တပေါင်းတစည်းတည်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ဇနီးတို့က ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၈–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် – သောတာနုဂတသုတ်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် – Classification of Constitution (စတုတ္ထနှစ်–ဥပဒေပညာ)**
- **၅:၃၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း–၁၂)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ English Premier League ဘောလုံးပွဲ -Middle Brought Vs Liverpool
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

တပ်မတော် စိုက်ပျိုးရေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

တပ်မတော် စိုက်ပျိုးရေးသင်တန်း အမှတ်စဉ် (၅၄) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာန ဆရာစံခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများနှင့် အောင်လက်မှတ်များကို ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းဆရာ၊ ဆရာမများ၊ တပ်မတော်(ကြည်း)မှ သင်တန်းသား ၁၂၂ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက်ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩဂုတ် ၉ရက်မှ ၁၁ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်း ပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းများ အနက် ရတနာကုန်သည်များက Bargain စနစ်ဖြင့် ဝယ်ယူရန် လေလံပုံးများတွင် ထည့်သွင်းထားသော Bargain Form များကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က စစ်ဆေးကြသည်။

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်းက အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်းလေလံဆွဲရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်းက (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)ကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် Bargain စနစ်ဖြင့် ဝယ်ယူရရှိသည့် ကျောက်မျက်ရတနာကုန်သည်များ၏ အမည်စာရင်းကို ကြေညာပြီး ကျောက်မျက်များကို Auction စနစ်ဖြင့် ဆက်လက်ရောင်းချသည်။

ယင်းနောက် Bargain စနစ်ဖြင့် ဝယ်ယူရရှိသည့် ကျောက်စိမ်း ရတနာကုန်သည်များ၏ အမည်စာရင်းကို ကြေညာပြီး ဆက်လက်ရောင်းချရာ ညနေ ၅နာရီတွင် ကျောက်မျက်အတွဲ ၃၀၉ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၃ တွဲတို့ ရောင်းချရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ် (၂၀)ရပ်ကွက် နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ အလှူရှင် ဒေါက်တာကြင်-ဒေါက်တာခင်ခင်ရီ မိသားစုက လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(၂၃)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၁၂

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဆရာဦးထွန်းမြတ်က ပဋိစ္စသမုပ္ပာဒ်သစ္စာလေးပါး တရားများကို ဧရာဝတီတိုင်း ဓနုဖြူမြို့တွင် ဩဂုတ် ၁၅ရက်မှ ၂၃ရက်ထိ၊ ညောင်တုန်းမြို့ ဓမ္မသုခဗိမာန်တွင် ဩဂုတ် ၁၉ရက်မှ ၂၈ရက်ထိ၊ ပဲခူးတိုင်း လက်ပံတန်းမြို့ ကွမ်းခြံ အတုလအောင်နိမိတ်ဓမ္မာရုံတွင် စက်တင်ဘာ ၄ရက်မှ ၈ ရက်ထိ၊ ဇီးကုန်းမြို့ လယ်မဘုန်းတော်ကြီးကျောင်းတိုက်တွင် စက်တင်ဘာ ၁၁ရက်မှ ၁၅ရက်ထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အာရုံခံ တန်ဆောင်းပြုပြင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၂

အင်းစိန်မြို့ ကျက်သရေဆောင်ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး အာရုံခံတန်ဆောင်း ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်က အဆိုပါဘုရားကြီး ဓမ္မာရုံအပေါ်ထပ်၌ ကျင်းပရာ ဘုရားကြီးဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွာမစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး အင်းစိန်မြို့ ဈေးကုန်းအနောက်ရပ်ကွက် သီရိလမ်း အမှတ် (၈)နေ ဖော်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်-ဒေါ်စန်းတင်မိသားစုက ကျပ် ၁၀သိန်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ခတ္တာလမ်း အမှတ် (က/၁၄၅) နေ ရွှေနဒီသယ်ယူပို့ဆောင်ရေး (သီဟသုဓမ္မမဏ္ဍိဇောတရေ) ဦးစိုးသိန်း-ဒေါ်ဆင်နုမိသားစုက ငွေကျပ်ငါးသိန်း **(အပေါ်ပုံ)**၊ အင်းစိန်မြို့သစ် (က+ခ) ရပ်ကွက် (က-၃)လမ်း အမှတ်(၁၅၆)နေ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးဝင်းလှိုင်-ဒေါ်ခင်နီသန်းမိသားစုက အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်သူ လက်ခံရယူသည်။

(၆၁)

တုံကင်ပင်လယ်ကွေ့မှ မုန်တိုင်းငယ် အနောက်ဘက်ဆီသို့ ရွေ့လျားမည်ဟု ခန့်မှန်း

ရန်ကုန် ဩဂုတ် ၁၂

လွန်ခဲ့သော ၂၄ နာရီအတွင်း ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၇ ဒသမ ၅၂ လက်မ၊ သထုံမြို့တွင် ၅ ဒသမ ၄၃ လက်မ၊ ဟားခါးမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် ဘားအံမြို့တွင် ၂ ဒသမ ၄၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဆက်လက်တည်ရှိနေပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်ဆီသို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဩဂုတ် ၁၃ ရက်ညနေထိ ခန့်မှန်းချက်မှာ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးပိုလာမည်။

ဩဂုတ် ၁၂ ရက်က ကျင်းပသည့် ၂၀၀၅ ခုနှစ် တတိယအကြိမ် ဂျပန် တံခွန်စိုက်ဖလား ဂျူဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Ichiro Maruyama က ဆုဖလားချီးမြှင့်စဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

၂၀၀၅ခုနှစ် တတိယအကြိမ် ဂျပန်ဖလားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၅ခုနှစ် တတိယအကြိမ် ဂျပန်ဖလား တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ (The 3rd Japan-Cup Judo Championship 2005) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျူဒို အားကစားနည်း တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီးကီလို အတန်းလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသောင်းမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီး အကောင်းဆုံး ဂျူဒို အားကစားသမားဆုရ နွယ်နွယ်သန်း (စက်မှု-၁)နှင့် အမျိုးသား အကောင်းဆုံးဂျူဒို အားကစားသမားဆုရ အောင်ထွန်းကျော် (ရထားပို့ဆောင်ရေး)တို့အား တာဝန်ခံနာယက ဒေါ်မြင့်မြင့်အေးက ဆုများကိုချီးမြှင့်သည်။

ဆုဖလား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ (Counsellor - Mr. Ichiro Maruyama) က ရထားပို့ဆောင်ရေးဝန်ကြီးဌာန (က)အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြှင့်တန်းကွင်းဖွင့်ပွဲ ရထားပို့ဆောင်ရေးနှင့် လယ်/ဆည် သရေကျ

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြှင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ရထားပို့ဆောင်ရေးနှင့် လယ်/ဆည်တို့ သုံးဂိုးစီ သရေကျသွားသည်။

ရထားပို့ဆောင်ရေး သုံးဂိုး။
(ဇော်မျိုးသက်-နှစ်ဂိုး၊ ရဲဝင်းထိုက်-တစ်ဂိုး။)
လယ်/ဆည် သုံးဂိုး။
(ခင်မောင်လွင်-နှစ်ဂိုး၊ ထွေးမောင်-တစ်ဂိုး။)

လယ်/ဆည်အသင်းသည် ပထမပွဲအနိုင်ရရှိထား၍ သုံးမှတ်ရထားပြီး ရထားပို့ဆောင်ရေးမှာ ပထမပွဲရှုံးနိမ့်ထား၍ အမှတ်မရရှိသေးသဖြင့် အနိုင်ရရှိရန် ကြိုးပမ်းကစားကြသော်လည်း သရေကျ၍ တစ်မှတ်စီခွဲယူသွားကြရသည်။

ပထမပိုင်းတွင် ရထားပို့ဆောင်ရေးအသင်းတိုက်စစ်ဆင်ရာမှ ၁၄ မိနစ်တွင် ရဲဝင်းထိုက်က ပထမဂိုးကိုသွင်းယူပေးနိုင်ခဲ့သည်။ ချေပဂိုးရရှိရေးအတွက် လယ်/ဆည်အသင်းသည် မိုးထဲလေထဲ၌ ကြိုးစားကစားခဲ့ရာမှ ၂၅မိနစ်တွင် ခင်မောင်လွင်က ချေပဂိုးသွင်းနိုင်ခဲ့၍ တစ်ဂိုးစီ သရေဖြစ်နေသည်။ သို့ရာတွင် တစ်မိနစ်အတွင်း ရထားပို့ဆောင်ရေးမှ ဇော်မျိုးသက်က ဒုတိယဂိုးကို ၂၆မိနစ်၌ သွင်းယူခဲ့သည်။

မိနစ် ၈၀တွင် လယ်/ဆည်အသင်းမှ ခင်မောင်လွင်က ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေဖြစ်နေသည်။

ဆက်လက်၍ ထွေးမောင်က ၈၂မိနစ်တွင် ပိုင်နယ်တီစည်းထိပ်မှ မနားတမ်းကန်သွင်း၍ လယ်/ဆည် တတိယဂိုးရသွားသည်။ ရထားပို့ဆောင်ရေးက ဂိုးပေးလိုက်ရ၍ မနားတမ်းတိုက်စစ်ဆင်ခဲ့ရာ မိနစ် ၉၀တွင် ပိုင်နယ်တီ ကန်ခွင့်ရရှိခဲ့ပြီး ဇော်မျိုးသက် ကန်သွင်းနိုင်သဖြင့် တတိယဂိုးရကာ သုံးဂိုးစီဖြင့် သရေကျသွားသည်။

ယမန်နေ့က အောင်ဆန်းကွင်း၌ ကျင်းပခဲ့သည့် အဆင့်မြှင့်တန်းကွင်းဖွင့်ဖလားပွဲစဉ်တွင် ပြည်ထဲရေးအသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်းတို့ နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်းသိရသည်။

ရန်ကုန်မြို့လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ကမ္ဘောဇအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပသော ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် တပ်မတော်(လေ) အသင်းက ကကနက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပသော ဒုတိယတန်းပြိုင်ပွဲတွင် ပထမအသင်းက ပုလဲနက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသော တတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် လမ်းမတော်လူငယ်အသင်းက အော်စကာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ညနေ ၄ နာရီ
(သုဝဏ္ဏကွင်း)
ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး
(အောင်ဆန်းကွင်း)
တပ်မတော်ကြည်း(က)နှင့် သစ်တောရေးရာ

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ကြည့်ရှုအားပေး

ရန်ကုန်	ဩဂုတ်	၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏(၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅) ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများ တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

တက်ရောက် ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)သို့ တက်ရောက် ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

သံလွင်မြစ်ရေ အနည်းငယ် ကျဆင်း

**ရန်ကုန်	ဩဂုတ်	၁၂**

သံလွင်မြစ်ရေသည် ယနေ့နံနက် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဆောင်ရွက်

ရန်ကုန်	ဩဂုတ်	၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဩဂုတ် ၆ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ အသင်းဝင်များနှင့် တွေ့ဆုံသည်။

မှာကြား

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာ၌ အမျိုးသားရေးအင်အားစုကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊



ပြည်သူလူထု တစ်ရပ်လုံး၏ အား သုံးအားကိုရယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီး၏ တိကျသော ရည်မှန်းချက်၊ မူဝါဒ လမ်းစဉ်တို့ကို သိရှိနားလည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ထွန်းကားသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြား သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●